


စိတ်ကူးချိုချိုအနုပညာ
လင်းယုန်သစ်လွင်
သိတာသောင်ခြေဦး
ပြန်လည်ရိုက်နှိပ်ခြင်း




fic0009

2300.00 Ks

mgyoe.com

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းသာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မရိုးရှိမ်လမ်း၊ ရန်ကင်း။
မျက်နှာဖုံးပန်းချီ - သန့်ဇော်သစ်
၂၀၁၅၊ ဧပြီလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ ၁၉၆၂ ပထမအကြိမ်မှ၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၃၀၀ ကျပ်

သီတာသောင်ခြေဦး
လင်းယုန်သစ်လွင် - ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊၊ ၂၀၁၅၊
စာမျက်နှာ ၂၀၀ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ
(၁) သီတာသောင်ခြေဦး

mgyoe.com

mgyoe.com



# သီတာသောင်ခြေဦး
## လင်းယုန်သစ်လွင်

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

ဤဝတ္ထုဖြင့်…
ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မထင်မရှား စွန့်ပစ် ကျောခိုင်းထားခြင်း ခံနေကြရရှာသော ကိုတံငါ လူတန်းစားတို့အား ဂုဏ်ပြုအပ်ပါသည်။

လင်းယုန်သစ်လွင်
ရန်ကုန်မြို့
၂၁–၁–၆၂

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ဒဂုန်တာရာ၏ အမှာစာ

ကျွန်တော်တို့ မျက်မှောက်ခေတ်တစ်လျှောက်၌ နိုင်ငံရေးလှုပ်ရှားမှု များစွာကို ဖြတ်သန်းလာခဲ့ကြသည်။ ထိတွေ့ ခံစားခဲ့ကြသည်။ ၁၉၂၀ အမျိုးသားဝံသာနုခေတ် ၁၉၃၉ (၁၃၀၀)ပြည့် အရေးတော်ပုံ ဘီ–အိုင်–အေ ယင်းတို့သည် အင်္ဂလိပ်ကိုလိုနီ ဆန့်ကျင်ရေး နိုင်ငံရေးလှုပ်ရှားမှုများ ဖြစ်ကြသည်။ ထို့နောက် ဂျပန်ခေတ်၊ ဖက်ဆစ်တော်လှန်ရေး၊ လွတ်လပ်ရေး တိုက်ပွဲ။ ဤသည်တို့ကား 'အချုပ်အခြာအာဏာပိုင်' လွတ်လပ်ရေးရသည် အထိ ဖြတ်သန်းခဲ့ကြရသော၊ နိုင်ငံရေးလှုပ်ရှားမှုများ ဖြစ်သည်။ ထို့နောက် ပြည်တွင်းစစ်၊ ငြိမ်းချမ်းရေးလှုပ်ရှားမှု၊ အမျိုးသားလွတ်လပ်ရေးလှုပ်ရှားမှု၊ ဤသည်တို့ကား လွတ်လပ်ရေးရပြီးနောက်၊ နိုင်ငံရေး လှုပ်ရှားမှုများ ဖြစ်ကြသည်။

ယင်းသို့ နိုင်ငံရေး လှုပ်ရှားမှုများရှိသည့်နည်းတူ စာပေလှုပ်ရှားမှုများ လည်း ရှိပေသည်။

စာပေ အနုပညာ၊ ယဉ်ကျေးမှု၊ ပညာရေး၊ ဥပဒေ စသည်တို့သည် နိုင်ငံရေး၏ ထင်ဟပ်ချက်ဖြစ်သည်။ နိုင်ငံရေးသည် စီးပွားရေး တောင်းဆို ချက်ဖြစ်သည်။ ယင်းနိုင်ငံရေး စီးပွားရေး အဆောက်အအုံ ပင်မကြီးမှ စာ ပေသည် ခက်ဖြာကျဆင်းလာခြင်း ဖြစ်ပေသည်။

ဝံသာနုခေတ် စာပေလှုပ်ရှားမှုသည် သခင်ကိုယ်တော်မှိုင်း၏ ကဗျာ လင်္ကာများ၌ ထင်ဟပ်သည်ကို တွေ့ရပေသည်။

mgyoe.com

mgyoe.com



၁၉၃၀ ပတ်ဝန်းကျင်ကာလ၌ တက္ကသိုလ် ပရဂုဏ်မှဖူးပွင့်သော ခေတ်စမ်းစာပေလှုပ်ရှားမှုသည် ဝံသာနုခေတ်၏ အဆက်ပင် ဖြစ်ပေသည်။

စစ်ပြီးခေတ် ဖက်ဆစ်တော်လှန်ရေး သည်ဘက်ခေတ်ကာလ၌ကား အမျိုးသား လွတ်မြောက်ရေးလှုပ်ရှားမှုအင်အားသည် ပြင်းထန်လာသည့်အလျောက် စာပေလှုပ်ရှားမှုသည်လည်း လေးနက်လာပေသည်။

ဝ✧ဝ

(၂)

စစ်ပြီးစ လွတ်လပ်ရေးတိုက်ပွဲခေတ် ၁၉၄၆ လောက်က ကျွန်တော်တို့သည် စာပေသစ်ဟူသောကြွေးကြော်သံဖြင့် တာရာမဂ္ဂဇင်းကို ထုတ်ဝေခဲ့ကြသည်။

စာပေသစ်ဟူသော သဘောတရားကို အလွှာမှ သေးစိတ်လိုက်ကြသော အခါ (က) သရုပ်ဖော်စာပေ၊ (ခ) ဆင်းရဲသားသရုပ်ဖော် စာပေ (ဂ) အရင်းရှင်စနစ်၏ အပြစ်အနာအဆာများကို ဝေဖန်သော၊ ဝေဖန်မှုသရုပ်ဖော်စာပေ၊ (ဃ) ဆိုရှယ်လစ်သရုပ်ဖော်စာပေ ဦးတည်ချက် နိုင်ငံရေးတိုက်ပွဲများကို ထင်ဟပ်ဖော်ပြချက်စသော ကဏ္ဍများကို တွေ့ရပေသည်။

ထိုအခါက စိတ်အားတက်ကြွသော၊ တီထွင်ဆန်းသစ်လိုသော၊ တိုင်းပြည်ချစ်သော၊ ဆိုရှယ်လစ် သရုပ်ဖော်စာပေဘက် ဦးတည်သောလူငယ်များသည် တာရာမဂ္ဂဇင်းတွင် လာရောက်စုဝေးကြသည်။

ပွင့်သစ်စ လူငယ်စာရေးဆရာများသည် သရုပ်ဖော်စာပေများကို ကြိုးပမ်း ရေးသားကြသည်။ နိုင်ငံရေးလှုပ်ရှားမှုများကို ဖော်ကျူးကြသည်။ ဆိုရှယ်လစ် သရုပ်ဖော်စာပေသဘောတရားများကို လေ့လာကြသည်။

သို့သော်… သူတို့၌ အခက်အခဲများရှိကြပေသည်။

အများအားဖြင့် ပွင့်သစ်စ လူငယ်စာရေးဆရာများမှာ ပညာတတ်လူတန်းစားမှပေါက်ဖွားလာကြသူများဖြစ်ကြသည်။ တစ်ဖက်က သူတို့သည် ဖက်ဆစ်တော်လှန်ရေးကို ဖြတ်သန်းထိတွေ့ခဲ့သူများ၊ နိုင်ငံရေးလှုပ်ရှားမှု၌

mgyoe.com

mgyoe.com



စိတ်အားထက်သန်သူများဖြစ်သော်လည်း တစ်ဖက်က မိမိ၏ပတ်ဝန်းကျင် ဘဝအတွေ့အကြုံမှာ လူလတ်တန်း စားအတွေ့အကြုံဖြစ်နေပေသည်။

ဥပမာ... ဆင်းရဲသားလူတန်းစားဘဝကို သရုပ်ဖော်ရန် စိတ်အားထက်သန်သော်လည်း မိမိကိုယ်တိုင် မနေထိုင်၊ မခံစားခဲ့ရသောဘဝဖြစ်သည့်အတွက် ခံစားမှု (ဝါ) ဘဝ အသိဖြင့် သရုပ်ဆောင်ရန် မဖြစ်နိုင်ပေ။ သို့သော် ယင်းသို့ ဆင်းရဲသားဘဝကို သရုပ်ဆောင်ရန်ဦးတည်ခြင်းသည်ပင် စာပေသစ်ကဏ္ဍ၏ ခေတ်ဦးကာလပင် ဖြစ်သည်။

တစ်နည်းဆိုရသော် ဆိုရှယ်လစ်သရုပ်ဖော်စာပေ၏ ပဏာမ ကဏ္ဍဖြစ်သည်ဟု ဆိုရပေမည်။

ယင်းသည့်ကား စာပေသစ်လှုပ်ရှားမှု၏ မျက်နှာအသွင်အပြင်များဖြစ်ပေသည်။

○✧○

(၃)

ဆင်းရဲသားသရုပ်ဖော် အရေးအသားများရှားပါးသည့်အထဲမှ 'လင်းယုန်သစ်လွင်၏ သီတာသောင်ခြေဦး' ဝတ္ထုသည် အပွားအစီး တစ်ခုဖြစ်သည်ဟု ဆိုရပေမည်။

ဝတ္ထုရေးသူ လင်းယုန်သစ်လွင်သည် သီတာသောင်ခြေဦး၏ တည်နေရာဒေသဖြစ်သော တံငါရွာနှင့် နီးစပ်သူဖြစ်သည်။ တံငါတို့ ကွန်ပိုက်များ၊ သောင်ထွန်းသဲမြေများ၊ ငွေလရောင်ပြက်သဖြင့် တဖိတ်ဖိတ်တောက်ပနေသော မြစ်ပြင်ကြီး၊ ထိုဒေသမှ လက်လုပ်လက်စား ငါးရှာသူများနှင့် သိကျွမ်းသူဖြစ်သည်။ ယခုဝတ္ထုသည် သူ၏လေ့လာချက်ပေါ်တွင် အခြေခံထားသည်ဟု ဆိုရပေမည်။

ယင်းသီတာသောင်ခြေဦး၊ မြစ်ဝကျွန်းပေါ်ဒေသသည် ကျွန်တော်တို့၏ဒေသဖြစ်ရာ ဝတ္ထုထဲမှ သစ်ပင်၊ ရေပြင်၊ တောစပ်တို့သည် ကျွန်တော်တို့ ငယ်စဉ်တောင်ကျေး ကလေးဘဝ၏ ကစားမြူးထူးရာ ဖြစ်ခဲ့သည်။ သို့သော် တောမှခွာ၍ မြို့၌အခြေစိုက်နေရသော နှစ်ကာလကြာရင့်သည့်

mgyoe.com

mgyoe.com



အခါ တောကျေးလက်သည် အိပ်မက်များ ဖြစ်သွားကြပေသည်။ ကဗျာ၏ ကုန်ကြမ်းများသာဖြစ်နေကြပေသည်။

ယခု သူ့ဝတ္ထုကို ဖတ်လိုက်ရသောအခါ အိပ်မက်ထဲမှ လမုပင်၊ ကောက်ရိုးမျှင်၊ ဒလပ်သီး၊ လှိုင်းကြက်ခွပ်တို့သည် တဖျပ်ဖျပ်လူးကာ မြူးကွန့်ရှင်ထလာကြသည်။ ကျွန်တော်တို့ သူ၏လက်ပေါ်တွင် ကြီးပြင်းခဲ့ရသော ဧရာဝတီမိခင်ရနံ့သည် ထုံပျံ့မွှေးမြလာသည်။ အထူးသဖြင့် လင်းယုန်သစ်လွင် နောက်ခံထားသောဒေသမှာ ကျွန်တော့် ဖခင်ငယ်စဉ်အခါ ကနေခဲ့ရာ ညောင်တုန်းမြို့၏တစ်စိတ်တစ်ဒေသ ဖြစ်နေသဖြင့် ဖခင်ထံမှ တစ်ဆင့် ကြားရသော ဘဝပုံပြင်များကို သတိရလာမိပေသည်။

လင်းယုန်သစ်လွင်သည် ငါးညှီနံ့သင်းနေသော ကမ်းစပ် တဲအိမ်များ လရောင်ပြက်နေသော နှင်းမှုန်မှုန်နှင့် ယမုန်နာရှုခင်းများကို ခြယ်ရေးရင်း ယင်းတံငါရွာ အချစ်ဇာတ်လမ်းတစ်ပုဒ်ကို ဖွဲ့နွဲ့ထားပေသည်။ ယင်းအချစ်ဇာတ်လမ်းတည်ရာ လူများ၏လူနေမှုမြင်ကွင်းကိုလည်း နောက်ခံကားပြု၍ ဖော်ပြထားပေသည်။ ပိုက်သူကြီး၏ နေ့ပြန်ဆပ် ငါးယူစနစ် (ဝါ) ရေပိုင်ရှင်ကလေးစနစ်ကိုလည်း တွေ့ရရာ ခေါင်းပုံဖြတ် ခံနေရသော အရင်းမဲ့ လက်လုပ်လက်စားများ၏ဘဝဆိုးကို မြင်ရပေသည်။

ဝတ္ထု၌ လင်းယုန်သစ်လွင်က ငါးသမားစိန်ပွင့်နှင့် ကိုင်းသမားဖိုးခင်တို့ နှစ်ယောက်ကို အားပြိုင်ပေးထားသည်။

ယင်းသို့ အားပြိုင်မှုပေးထားခြင်းသည် ဝတ္ထုအတတ်ပညာ၌ အင်္ဂါတစ်ရပ်ဖြစ်သည်။

စာဖတ်ပရိသတ်သည် တသွင်သွင် တလက်လက် စီးဆင်းနေသော ဧရာဝတီမြစ်ရေအယဉ်နှင့် စိမ်းစိမ်းလန်းနေသော မြေနုသဲကျွန်း၊ ကိုင်းတောစပ်ကြားရှိ သောင်ခုံပေါ်မှမေတ္တာတိုက်ပွဲနှင့် ငါးညှီနံ့သင်းကာ တဖျပ်ဖျပ်လှိုင်းသံတေးသီနေသော မြစ်ဝကျွန်းပေါ် ရှုခင်းရသများကို ခံစားရန် ရှေ့ဆက်၍ ဝတ္ထုကိုဖတ်ဖို့ပင် ဖြစ်ပေသည်။

ဒဂုန်တာရာ
၂၁-၉-၆၂

mgyoe.com

mgyoe.com

## (တစ်)

ဆောင်းရာသီ၏ နှင်းထုနှင်းလွှာများသည် ပိန်းပိတ်မျှ ကျဆင်းနေလေ၏။ ဤမှာဘက်ကမ်းမှ မျှော်ကြည့်သော် တစ်ဖက်ကမ်းခြေရှိ ပဲခင်းနှင့်ပြောင်းခင်းများကို အခါတိုင်းလို မမြင်ရပေ။ နှင်းဖြူ လွလွတို့သည် တစ်ဖက်ကမ်းရှိ မြင်ကွင်းများ အားလုံးကို သိပ်သိပ်သည်းသည်း ဖုံးကွယ်ထားခြင်း ရှိလေ၏။

ဟိုမှာဘက်ကမ်း၏ မြင်ကွင်းမြင်ကွက်များကိုသာ ဖုံးကွယ်နေသည် မဟုတ် အရပ်လေးမျက်နှာတို့၌ နှင်းဝတ်နှင်းရည်တို့သည် တဖွဲဖွဲကျဆင်း ပိတ်ဖုံးနေ၏။ သစ်ပင်ကြီးငယ်တို့သည် ငြိမ်သက်စွာ ရပ်တည်လျက် ချိုမြိန်သော နှင်းဝတ်ရည်ကို သောက်သုံးဟန်ရှိနေသည်။ လှုပ်ရှားလွန့်လူးခြင်း ကင်းကြကုန်၏။

ဧရာဝတီမြစ်ရေပြင်ကြီးတစ်ခွင်တစ်ပြင်လုံး နှင်းတွေသာပိတ် ဖုံးနေလေ၏။ မြစ်တွင်းမှလှော်သံခတ်သံကို မကြားရပေ။ ရေလှန်ချိန် ကုန်လွန်ကာ ရေကျချိန်ရောက်လုနီးသောရေအိနေချိန်ဖြစ်၏။ မြစ်ရေသည် တသွင်သွင် မစီး ပကတိငြိမ်သက်နေ၏။ မြစ်ခြေကမ်းစပ် ရေပြင်သည် နှင်းထု၏ရိုက်ခတ်ချက်ကြောင့် အငွေ့ထောင်းထောင်း ထနေ၏။

ဤနေရာသည် စောက်သောနေရာဖြစ်၏။ အချို့အောက်ပိုင်း နေရာများသည် သဲမြေနုံးမြေဖြစ်၏။ ကျီးကုန်းသိုက်ရွာဆီသို့ ဆင်းသွားသည့်အခါ၌မူ ကမ်းစောက်နေရာများတွင် စိုက်ပျိုးမှု မရှိကြပေမင့် နုန်းမြေနှင့် မြေနုကျွန်းပေါ်နေရာကွက်များတွင် သက်ငယ်၊ မုရင်း၊ ကြံခင်းများနှင့် ဆေးခင်း၊ ပဲခင်း၊ စိမ်းစားခင်းများ ရှိလေသည်။ ထိုဒေသရှိ နှစ်သီးစား

mgyoe.com

mgyoe.com


သမားတို့သည် မြေနုကျွန်းပေါ်နေရာမှန်သံရွှေ့ကို တစ်လက်မမကျန်ကြွင်းရအောင် စိုက်ပျိုးကြဖြန့်ခြင်း ပြုကြကုန်၏။

နှင်းလွှာနှင်းထုများ ပိတ်ဖုံးနေသည့်ကြားမှ အတန်ကြာသော် နေခြည်သည် ယှက်ဖောက်စ ပြုလာသည်။ ကမ်းပါးစောက်တွင် မှတ်မှတ်မားမားပေါက်နေသော သစ်ပင်ကြီးများ၏ အကိုင်းအခက်၊ အရွက်အလက်များပေါ်တွင် မှိတွယ်ကပ်ငြိနေသည့် နှင်းဝတ်နှင်းရည်တို့သည် မြေပြင်သို့ တဖြောက်ဖြောက် ကျဆင်းလာကုန်၏။

ထိုအခါ၌ အအေးဓာတ်သည် ခိုက်ခိုက်တုန် စိမ့်ဝင်လာသည်။ ပြာလဲ့သောကမ်းစပ်ရေပြင်သည် နေခြည်နုနုဖြင့် တွေ့ထိမှုရှိသည့်အခါ လက်လက်စင် မှောက်ပရွှန်းမြလာ၏။ ပိတ်နေသော နှင်းထုသည် နေခြည်ကိုမြင်သည့်ခဏ ပြေးလွှားပျောက်ကွယ်ရန် ခြေလှမ်း စပြုလေပြီ။

မနန်းအိမ်သည် မမြင်ရသော မြစ်လယ်ကြောကို ထိုင်ရာ မီးပုံနံဘေးမှ မှန်းဆကြည့်လေသည်။

"ဘယ်တော့များမှ သူ ပြန်လာပါလိမ့်မလဲ..." ဆိုသော အတွေးအတောသည် မနန်းအိမ်၏ နှလုံးသားကို တလှပ်လှပ် ရိုက်ခတ်နေ၏။ ရွက်လိမ်ရွက်ခြောက်နှင့် သစ်ကိုင်းခြောက် အတိုအစများသည် သူတို့သားအမိအလယ်ရှိ မီးပုံတွင်းဝယ် တဖျစ်ဖျစ် လောင်ကျွမ်းနေလေ၏။

မဓမတိုင်လေးတိုင်ကို စတုရန်းလေးထောင့် စိုက်ထူကာသက် ငယ်ငါးပျစ် မိုးရုံမိုးထားသော လေးတိုင်စင်တဲငယ်၏ အောက်ခြေတွင် ကောက်ရိုးစ ကောက်ရိုးမျှင်များသည် ပြန့်ကျဲနေလေ၏။ ကမ်းစပ်ရှိငုတ်တိုင်တစ်တိုင်တွင် တံငါလှေငယ်တစ်စင်း၏ ကြိုးစကို တံငါချည်၊ ချည်ထား၏။ လှေငယ်၏ နံပါးကို လှိုင်းလုံးကလေးများ ပုတ်ခတ်သည့်အခါတဖျပ်ဖျပ် အသံထွက်နေလေ၏။

မနန်းအိမ်သည် တစ်စုံတစ်ရာမမြင်ရသော မြစ်ပြင်ကြောဆီသို့ ခန့်မှန်းကြည့်ရာမှ အလွန်တရာ စိတ်မောမိလေ၏။ သူ့မျက်လုံးများသည် တစ်စုံတစ်ရာကိုမျှ မမြင်စွမ်းပေ။ နားအာရုံကသာ တစ်စုံတစ်ခုသော အသံကို စူးစိုက်လျက် စွင့်နေမိလေ၏။ တံငါလှေနံပါးမှ တဖျပ်ဖျပ် မြည်နေသော သက်မဲ့လှုပ်ရှားသံထက် ရေသံလှေသံ ကြားရမည့် မြစ်တွင်းမှ သက်ရှိလှုပ်ရှားသံကို မနန်းအိမ် နားစွင့်မိလေ၏။

mgyoe.com

mgyoe.com

မနန်းအိမ်၏ မျက်လုံးများသည် ဘာကိုမျှ မမြင်စွမ်းပေ။ သို့ရာတွင် သူ့နားနှစ်ဖက်မှ သောတသညာသိသည် တစ်စုံတစ်ယောက်သောသက်ရှိ ရုပ်ဝတ္ထု၏ မြစ်တွင်းမှ လော်ခတ်လှုပ်ရှားသံကိုမူ အမှတ်ထားခွဲခြားနိုင်စွမ်း ရှိလေ၏။

ဤလိုအမှတ်သညာရှိမှုနှင့် ခွဲခြားနိုင်စွမ်းရှိမှုကို မနန်းအိမ်သည် လွန်ခဲ့ပြီးသော သုံးနှစ်အချိန်ခန့်ကပင် လေ့ကျင့်ခဲ့ပြီး မှတ်သားခဲ့ပြီး ဖြစ်၏။ ထိုအချိန် ထိုအခါမှစကာ သူ့ မျက်မှောက်ဘဝ၏ စက္ခုပသာဒဆိုင်ရာ ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံ ဟူသမျှကို စွန့်လွှတ်ခဲ့ရပြီး ဖြစ်၏။ သို့ကြောင့် မနန်းအိမ်ခမျာ စက္ခုသညာထက် သောတသညာဘက်ကိုသာ ပိုမိုးတိုးကာ အားကိုးအားထားပြုရရှာလေ၏။

"နေရောင်တောင် စို့လာပြီ အမေ…"

မြရင်သည် မြစ်ပြင်ကိုကြည့်ရာမှ သူ့အမေ မနန်းအိမ်ကို လှမ်းပြောလိုက်သည်။

"ဒီနေ့လောက်ဆိုရင်တော့ ပြန်လာတန် ကောင်းပါရဲ့"

မနန်းအိမ်သည် ထိုမျှသာစကားဆိုလျက် ငြိမ်သက်မြဲငြိမ် သက်နေ၏။ လူကငြိမ်နေပေမယ့် သူ့စိတ်များသည် အတွေးအတောပေါက်ကရတွေကို ကရွတ်ကင်းလျှောက်သလို ထင်တိုင်းရောက်နေ မိလေ၏။

"ဈေးချိန်တော့ မီပါသေးရဲ့အမေရယ်"

သူ့သမီးမြရင်သည် နှင်းထုပိတ်ဖုံးနေဆဲဖြစ်၍ တစ်စုံတစ်ရာကိုသော်မျှ သဲသဲကွဲကွဲ မမြင်ရသော မြစ်လယ်ကြောကို သဲသဲမဲမဲ စိုက်ကြည့်ရာမှ ပြောလိုက်၏။ သို့ရာတွင် သူ့အမေ မနန်းအိမ်က မည်သို့မျှ စကားမပြန်ပေ။

"ဟိုနှစ်နှစ်လောက်တုန်းက ဒီအချိန်ဆို ငါးသလောက်တွေ ရလိုက်တာနော် အမေ" ထိုစကားကို မြရင်က ဆက်ပြောသည့်တိုင် မနန်းအိမ်သည် တုတ်တုတ်မျှ မလှုပ်ချေ။

"တိုင်ထောင်သမားတွေလည်း ငါးပတ်တွေ၊ ငါးအုပ်ဖားတွေ၊ ငါးကြင်းတွေ သိပ်ရတာပဲ၊ ဆူးပန်းရွက်နဲ့ ငါးအုပ်ဖားနဲ့ ချဉ်ရည်ဟင်းချက်စားတာ သိပ်ထမင်းစားမြိန်တာပဲ၊ ကျွန်မ မှတ်မိသေးတယ် အမေရယ်"

mgyoe.com

mgyoe.com


မြရင်သည် ထိုစကားကိုပြောရင်း တံတွေးကို ဂွီခနဲတစ်ချက် မျိုချလိုက်၏။ သူသည် ရှေးဖြစ်ဟောင်း၏ အောက်မေ့ဖွယ်များကို သတိပြန်လည်ရမိနေဟန်တူသည်။ မြရင်က နှစ်နှစ်လောက်ကဟုဆိုပေမယ့် မဟုတ်ပေ။ အမှန်မှာ လွန်ခဲ့သော သုံးနှစ်ကျော် လေးနှစ်အချိန်က ဖြစ်၏။

"အဲဒါ နှစ်နှစ်မကဘူး မြရင်၊ သုံးနှစ်ကျော် လေးနှစ်လောက် ရှိသွားပြီ"ဟု မနန်းအိမ်က ပြောလေသည်။

မြရင်သည် သူ့အမေစကားကို စဉ်းစားသလို တွေး၍ နားထောင်နေသည်။ သူ့ဟာ သူလည်း သုံး၊ လေးနှစ်ဆိုသော ခရီးကို တွေးနေဟန်ရှိ၏။

"ညည်းအဘများ ဒီနေရာတစ်ဝိုက် ငါးရှာမရတာ ဘယ်နှနှစ် ရှိသွားပြီလဲ၊ နင်ပြောတာက ကိုသာလှသား ကျောက်ဖြူကို ရှင်ပြုတဲ့နှစ်…"

မနန်းအိမ်စကား မှန်လေသည်။ သူတို့ တံငါရွာမှ ပိုက်သမားတစ်တွေ ဤနေရာဤအနီးတစ်ဝိုက် သားငါးရှာဖွေ၍ ဖောဖောသီသီ မရခဲ့လေသည်မှာ သုံးနှစ်ကျော်လေးနှစ်နီးနီး ကြာရှိသွားခဲ့လေပြီ။

သို့ပေမယ့် ဘာကြောင့် ရှေးယခင်က အခါများကလို ဧရာဝတီမြစ်အတွင်း သူတို့၏ပိုက်ချက်ဖြစ်သော ဤနေရာ၊ ဤဒေသ တစ်ဝိုက် သားရှာမရ၊ ငါးရှာမရ ဖြစ်နေကြသည်ဆိုခြင်းကို သူတို့ သူတို့သည် မတွေးတောတတ်ကြပါပေ။

သည်နေရာမရ ဟိုနေရာပြောင်း၊ ဟိုနေရာ ကုန် သည်နေရာ ကူးနှင့် ပိုက်ချက်ကွန်ချက်တွေကို တစ်နေ့ပြီး တစ်နေ့သာ ကူးပြောင်းခဲ့ကြလေသည်။ ဤလိုနှင့် နေ့ပေါင်းလပေါင်း နှစ်ပေါင်းကြာညောင်းလတ်သော် ဤနေရာကွန်ချက်ပိုက်ချက်များဝယ် ငါးသားအတော်ကုန်ခန်း၍ ဝမ်းစာခြောက်ခန်းစပြုလာ၏။

ထိုအခါ သားငါးရှာဖွေရရှိစေရန်ဟူသော ရည်ရွယ်မျှော်ကိုးချက်များဖြင့် အဘိုးကို တင်သူတင်၊ ကွင်းပိုင်ကြီးကို ပသသူပသ ပြုလေ့ပြုထရှိတတ်ကြသည်။ သူတို့သူတို့၏ ဘိုးဘေးစဉ်ဆက်မှစကာ အသက်မွေးမှုတစ်ရပ်အနေနှင့် တစ်နေ့မပြတ် ဖမ်းစီးလာသော သားငါးများ အဘယ်နည်းအဘယ်ပုံ ခြောက်ခန်းယုတ်လျော့ သွားသည်ဆိုခြင်းကိုကား သူတို့ မတွေးတောမစဉ်းစားတတ်ကြပါပေ။ သူတို့၏ ယုံမှတ်ကိုးစားမှုမှာအခါတိုင်းလို သား

mgyoe.com

mgyoe.com

ငါး ရှာဖွေမရရှိခဲ့သော် အဘိုးနှင့် ကွင်းပိုင်ရှင်ကြီးအား မတင်မကြွောက် သောကြောင့် အရှင်ကြီးသခင်ကြီးများ စိတ်ဆိုးစိတ်ခုလျက် သားငါး ရှာဖွေ မရရှိခြင်းဟု ယူဆထင်မြင်တတ်ကြလေ၏။

ဤသည်မှာ မနန်းအိမ်တို့ တံငါရွာကလေးတစ်ရွာလုံး ဘိုးဘေးစဉ် လာမှ ယုံမှတ်စွဲလမ်းခဲ့သော ရိုးတွင်းချဉ်ဆီကပ်နေသည့် ရိုးရာစွဲတစ်ခုဖြစ် လေ၏။

သူတို့ သူတို့၏အထင်အမြင်မှာ ဧရာဝတီမြစ်ကြီးအတွင်းရှိ မြစ်ရေ တွေ မခန်းမခြောက်သေးသရွေ့ ဖမ်းတိုင်း၊ ဆီးတိုင်း ပိုက်ချ ကွန်ပစ်တိုင်း သားငါးတွေ ရနေလေဦးမည်ဟု အထင်ရောက်နေကြလေ၏။

ငါးမျိုးဆက် ပြန့်ပွားစေရေးဟူ၍လည်း အဘယ်ပိုက်သမား အဘယ်ဤ တံငါကမှ နားမလည်။ ငါးမျိုးဆက် မပြုန်းတီးအောင် အဘယ်ပုံအဘယ် နည်း ပြုလုပ်ကြံဆောင်ရမည်ဟုလည်း သူတို့ မသိ။ လျှမ်းလျှမ်းတောက် သောလောဘဇောနှင့် ငါးမှန်သားမှန်လျှင် အူသေး အူမွှမကျန် ဖမ်းဆီးမိသမျှကို ရောင်းချစားသောက်ပစ်ကြလေ၏။

"အဲဒီနှစ်တုန်းကတော့ အိမ်မှာတောင် ငါးသလောက် ငါးပိတွေ၊ ငါး သလောက်ဆားနယ်တွေ ဒင်းကြမ်း၊ တစ်ရွာလုံးလည်း ငါးသလောက်ငါးပိ ချည်းပဲ" သည်တစ်ကြိမ်တော့ မနန်းအိမ် ကိုယ်တိုင်ပင် ရှေးဖြစ်ဟောင်းကို ပြန်ပြောင်းသတိရလာဟန်ဖြင့် စကားစမြုံ့ပြန်လေသည်။ သူ့နှာခေါင်းဝ၌ ဟိုတစ်ချိန်က စူးရှမွှေးကြိုင်သော ငါးသလောက် ဆားနယ်နံ့သည် ယခုတစ် ဖန် ပြန်လည်ခိုကပ်လာသည်ဟု ထင်လိုက်မိလေ၏။

"ဟုတ်ပါရဲ့"

မြရင်သည် ဝါးခနဲ တစ်ချက် သမ်းဝေရင်းမှ သူ့အမေ မနန်းအိမ် စကားကို အထောက်အကူပြုလိုက်၏။ ငါးအုပ်ဖားဆူဆူ၊ ဆူးပန်းရွက်ချဉ် ရည်ဟင်းနှင့် ငါးသလောက် ငါးပိချက်တို့ကို မြရင် မျက်စိထဲ မြင်ယောင် လာပြန်သည်။

"ခုများ ငါးသလောက်ငါးပိဆို မြင်တောင် မြင်ရပြန်ပါဘူး အမေ ရယ်... ဟိုတုန်းကများဖြင့် ပေါလိုက်တာ၊ ဘယ်အိမ် သွားတောင်းတောင်း တစ်ခါစား တစ်အိုးချက်တော့ရတာပဲ"

mgyoe.com

mgyoe.com


မြရင်သည် သူ့လက်မှ သစ်ကိုင်းခြောက်တစ်ချောင်းကို သုံးလေးချိုး၊ ချိုးလျက် မီးပုံတွင် ပစ်ထည့်ရင်း ငါးသလောက်ငါးပိအကြောင်း၊ ဆူးပန်းရွက်ချဉ်ရည်ဟင်းအကြောင်း စကားဆက်ပြန်သည်။

"အင်း... ခုတော့ ဖောင်စီးရင်း ရေငတ်ဆိုသလို ဖြစ်နေပြီ ဟင်း"

မနန်းအိမ်သည် ညည်းညည်းညူညူ ပြောရာမှ နောက်ဆုံး ဟင်းချလိုက်သည်။

ရှေးယခင်အခါက သူတို့၏ လင်ယောကျ်ားနှင့် မောင်ဘွားစသူများသည် ညဥ့်တစ်ချိန်လုံး ပိုက်ချ၊ ဘူးမျှော၊ တန်းချစသော အလုပ်များကိုလုပ်၍ ဝေလီဝေလင်းအချိန်ရောက်မှ လုပ်ငန်းသိမ်း အိမ်ပြန်လျက် ရရှိခဲ့သော သားငါးများကို ငါးရွှဲငါးဒိုင်များထံဖြစ်စေ၊ ဈေးနာပေါ်သို့ဖြစ်စေ၊ ပေးသွင်းရောင်းချခြင်းပြုနိုင်ကြလေသည်။ ယခုကား ထိုသို့မဟုတ်တော့။ ပိုက်ချက်ကွန်ချက်ရှိရာဖြစ်သော နှစ်ရက်ခရီး၊ သုံးရက်ခရီး ဒေသများသို့ သွားရောက်ပိုက်ချရကာ နီးစပ်ရာ ဒေသများတွင် ရောင်းချခြင်းပြုရပြီး သုံးရက်တစ်ခါလေးရက်တစ်ခေါက်မှ နေအိမ်ကို ပြန်ရောက်နိုင်ကြလေတော့၏။

ပွင့်သစ်စနေခြည်သည် လူးလွန့်ရာမှ တစ်စတစ်စ တောက်ပလာ၏။ နှင်းရည် ဆွတ်ဖျန်းထားသော သစ်ပင်ပျိုနှင့် စိမ်းမြမြမြေပဲခင်းတို့သည် လန်းဆန်းစွာ နီးကြားကြလေပြီ။ မြစ်မင်းရောသည် လွှမ်းခြုံထားသည့် ငွေသင်တိုင်းကို တစ်ပိုင်းတစ်စ ခွာလှစ်စပြုရာမှ လူ့လောက၏ပွင့်သစ်စ နံနက်ဦးကို ကြိုဆိုသမှုပြုလေသည်။

"ခပ်လှမ်းလှမ်းကို မျှော်စမ်းပါဦး သမီးရယ်"

မြရင်သည် ထိုင်ရာမှထကာ လေးတိုင်စင်တဲငယ်၏တိုင်တစ်တိုင်ကို လက်တစ်ဖက်နှင့်ကိုင်လျက် အပြောကျယ်သောမြစ်လယ်ကြောနှင့် သဲသောင်ကျွန်းဆွယ်ကွေ့ဆီသို့ ခြေဖျားထောက်ငေး မျှော်ကြည့်လိုက်၏။

ငွေကမ္ဗလာကို ဖွင့်လှစ်လိုက်သော မြစ်မင်းနဒီသည် ရှုမောဖွယ်သာ တောင့်လှပါတကား။ လှေငယ်တစ်စင်းတလေသော်မျှ မမြင်မတွေ့ရ။ မြစ်နဒီရေယာဉ်ကြောသည် ငွေသင်ဖျူးခင်းသည့်အလား ရှင်းလင်းပျံ့ပျူးနေ၏။ မှဲ့ပြောက်အစွန်းအထင်းနှင့်တူခြင်းရှိသော လှေငယ်တစ်စင်းဆို၍ တစ်စင်းတလေမျှ မရှိ ရှင်းလှဘိ၏။

mgyoe.com

"တွေ့ပါဘူး အမေရယ်"

"နှင်းလည်း ကွဲသွားပြီနော်" စက္ကူနှစ်ကွင်း အလင်းမရရှာသော မနန်းအိမ်သည် မြရင်ကို မေးလိုက်ရလေ၏။

"ရေတောင်ကျစပြုနေပြီအမေ၊ နှင်းလည်း ကွဲသွားပြီ"

"တအောင့်စောင့်ကြပါဦးစို့ သမီးရယ်"

မနန်းအိမ်က ထိုသို့ပြောလိုက်သည့်တိုင် မြရင်သည် ပြန် မထိုင်ပေ။ မူလအတိုင်း ရပ်မြဲရပ်ခါ မြစ်လယ်ကြောကို ငေးမောနေလေသည်။ မီးပုံတွင်းမှ ရှက်ခြောက်မီးခိုးငွေ့များသည် အူတက်နေလေ၏။ ထိုကဲ့သို့အူရာမှ တလူလူတက်လာသော မီးခိုးငွေ့သည် လေထဲတွင်ဝဲပျံ့လျက် ငွေနှင်းရည်တို့ဖြင့် ရောထွေးကာ ဝေးရာတစ်နယ်တစ်ကျေးသို့ လွင့်ပြေးလိုက်ပါသွားကြကုန်၏။

မျက်မမြင် မနန်းအိမ်သည် အားငယ်မိလေသည်။

ထမင်းတစ်ဝမ်းအတွက် ငါးရှာပိုက်ချထွက်သွားရှာသောလင်ယောကျ်ားသည် သူနှင့်သမီးများထံ မပြန်မရောက်ခဲ့သည်မှာ ငါးရက်မြောက်ကြာခဲ့လေပြီ။ ဟိုစဉ်အခါများတုန်းက အလွန်ဆုံးတစ်ညအိပ်နှစ်ညအိပ်မျှသာ နေလေ့ရှိသော လင်သည်ခမျာ ယခု ငါးရက်ပြည့်မြောက်ခဲ့သည်ထိ အရိပ်အယောင် အစအနကိုမျှ မမြင်မတွေ့ရဘဲရှိ၏။ အိမ်တွင် သမီး သုံးယောက်နှင့်နေခဲ့ရသော မနန်းအိမ်အဖို့ စားရေးသောက်ရေးအတွက် စိတ်မအေး။ စိတ်သောက ရောက်ရသလို တစ်ဖက်မှ ငါးရှာပိုက်ချထွက်နေရှာသူ လင်ယောကျ်ားအတွက်လည်း သောကဗျာပွေ ဖြစ်မိလေ၏။

အဝတ်တစ်ထည် ကိုယ်တစ်ခု လှေငယ်တစ်စင်း ပိုက်တစ်လက်နှင့် ဤမျှရက်ကြာညောင်းကာ အရှာအဖွေ ထွက်နေရရှာသူ၌ အဘယ်ပုံစားသောက်၍ အဘယ်နည်း အိပ်စက်ရှာလေသနည်း။

စိတ်မောစရာတွေကို မနန်းအိမ် တွေးလိုက်မိ၏။ ညဥ့်အခါများ၌လည်း ဆောင်းရာသီ အအေးဓာတ်သည် လွန်ကဲလှဘိ၏။ အိမ်၌ ကျန်ရစ်သော သူတို့တစ်တွေသည်ပင် ခိုက်ခိုက်တုန်မျှ ချမ်းလှ၏။

ဟေမန္တ၏ အေးမြသော ငွေနှင်းမှုန်သည် ညခင်းဆည်းဆာချိန်မှစ၍ တဖွားဖွား ကျဆင်းခဲ့သည်မှာ နောက်တစ်နေ့နံနက် နေထွက်ချိန်ထိဖြစ်၏။

mgyee.com

mgyoe.com

ဤမျှအေးချမ်းသော ရာသီမာသဝယ် ယမုန်နာမြစ်လယ်ကြော၌ တစ်ညတာလုံး ပိုက်ချပိုက်မျှောနေရရှာသော ခင်ပွန်းသည်ခမျာ အဘယ်မျှချမ်းရှာလေမည်နည်း။

ငါးသလောက် ပိုက်ချသည့်အလုပ်မှာ နေ့ဘက်ထက် ညဘက်များက ငါးပို၍ တိုးတတ်ရတတ်စမြဲဖြစ်၏။ ညနေခင်းနေဝင် ဆည်းဆာချိန်မှစ၍ တစ်ည၌လုံးလုံး မိုးစင်စင် လင်းလုသည်ထိ ပိုက်၏ လက်ရင်းကြိုးစကို လှေငယ်ပေါ်မှ ကိုင်ကာ ပိုက်တွင်းသို့ ငါးအတိုးကို စောင့်ကြရသည့်လုပ်ငန်း ဖြစ်၏။ ရေသတ္တဝါတို့မည်သည် နေ့ကာလအချိန်များမှာထက်ည၌ကာလများ၌ ပို၍ မြူးကြဆော့ကြသောကြောင့် ကိုတံငါပိုက်သမားတို့အနေနှင့် ည၌ဘက်အချိန်များကိုသာ အားကိုးအားထားပြုလျက် ငါးသား အရှာအဖွေထွက်ကြခြင်း ဖြစ်လေသည်။

မနန်းအိမ်၏ မျက်လုံးအိမ်တွင်းမှ မျက်ရည်များ တစမ်းစမ်း တတွေတွေ ထွက်ကျလာလေသည်။ မထင်နိုင်၊ မမြင်စွမ်းအပ်ပြီဖြစ်သော ပသာဒစက္ခုထက်အဆပေါင်းများစွာ ပိုမိုလျှင်မြန်စွမ်းသည့် မနောဝိညာဉ်၏ အတွေးအထင်များသည် မနန်းအိမ်၏ နှလုံးသားဝယ် တရေးရေး ထင်ဟပ်မြင်ယောင်လာလေသည်။

ဩော... သူနှင့်ကိုကျီးညိုတို့ အိမ်ထောင်ရက်သားကျရာမှ ဖြစ်ရပ်ဖြစ်ကြောင်းများပါတကား။

○✧○

mgyoe.com

mgyoe.com

## (နှစ်)

"မနန်းရေ... ထမင်းစောစောချက်ကွယ်၊ ဒီညခပ်စောစော ပိုက်ဆင်းကြမယ်၊ နှင်းလိုက်စပြုလာပြီ ငါးသလောက် အတိုးများလိမ့်မယ်"

တယ်ရေဆိုး၍ နေလှန်းထားသော ငါးသလောက် ပိုက်တစ်ဖုံကို ရုပ်သိမ်းနေသည့် ကိုကျိုးညိုသည် အိမ်ဘေးက ပြင်တွင်ထိုင်ကာ ပိုက်ထိုးနေသော ဇနီးသည် မနန်းအိမ်ကို လှမ်းပြောလိုက်၏။

ရာသီမာသမှာ မိုးကုန်၍ ဆောင်းကူးခဲ့ပြီမို့ နှင်းမြူများသည် တိုက်ခတ်သောလေညင်းတွင် ရောထွေးလိုက်ပါ စပြုလာသောအခါ ဖြစ်၏။

ပိုက်ထိုးနေသော မနန်းအိမ်သည် ကိုကျိုးညို ပိုက်သိမ်းနေရာသို့ မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်၏။ ကိုကျိုးညို၏လက်တွင်းရှိ ရုပ်သိမ်းနေသော ငါးသလောက်ပိုက်တစ်ဖုံမှာ သူတို့၏ အိမ်ထောင်ဦးပစ္စည်း တစ်ခုဖြစ်လေသည်။

"ထမင်းအိုးတော့ တယ်ထားပြီ ကိုညို၊ မကြာတော့ပါဘူး ဟင်းတော့ မနက်က တစ်ခါတည်း ချက်ထားသားပဲ"

တံငါရွာသူတစ်ယောက်ဖြစ်၍ ငယ်စဉ်ကပင် ပိုက်ထိုး၊ ကွန်ထိုးကျွမ်းကျင်ခဲ့သော မနန်းအိမ်၏မျက်လုံးများသည် ထိုးနေသော ပိုက်ပေါ်မှ လွဲကာ ကိုကျိုးညိုကို ကြည့်လိုက်သည်။ သို့ရာတွင် သွက်လက်ဖျတ်လတ်သော သူ၏ ညာဘက်လက်သည် ပိုက်ချည်ပိုက်ကြိုးများ ထည့်ထားသောအုပ်စီကို မြဲမြဲစွာကိုင်လျက် ပိုက်ထိုးခြင်းကိုမူ မရပ်မနားပဲ ရှိနေလေသည်။

mgyoe.com

mgyoe.com

အရှည်တစ်မိုက်ခန့်နှင့် ဗျက်တစ်လက်မခန့်ရှိသောဝါးပိုးဝါးကို အမြီးနှစ်ခွနှင့် မြားငယ်သဏ္ဍာန်အလယ်မှ လျှာတန်ကလေးထည့်လျက်လုပ်ထားသည့် ပြောင်လက်ချောမွေ့နေသော အုပ်စီခေါ် ကိရိယာပစ္စည်းကလေးများမှာ မနန်းအိမ်ကဲ့သို့သော တံငါရွာကလေးရှိ အိမ်တိုင်းတွင် မထားမဖြစ် မရှိမဖြစ်သော ပစ္စည်းကိရိယာတစ်ခုဖြစ်၏။ ပိုက်ထိုးသူ အမျိုးသမီးတစ်ဦးတစ်ယောက်အဖို့ ထိုအုပ်စီကလေးမျိုးမှာ ငါးချောင်းမှ ဆယ်ချောင်းထိ ထားရှိတတ်ကြလေသည်။ ဤပစ္စည်းကလေးများမှာ မရှိပါက ပိုက်ထိုးမဖြစ်နိုင်ချေ။ သဘောအားဖြင့်ကား ရက်ကန်းစင်မှ လွန်းအိမ်များကဲ့သို့ ဖြစ်လေ၏။

ကိုကျီးညိုသည် ဇနီးသည်ကို တစ်ချက်မျှပြန်ကြည့်ကာ ပြုံးလိုက်သည်။ "မနေ့ညကလိုပေါ့ကွာ"ဟု ပါးစပ်မှလည်း လှမ်းပြောလိုက်သည်။ သူ့စကားနှင့် သူ့အပြုံးသည် အဘယ်ပုံအဓိပ္ပာယ်ဆောင်သည်ကို မနန်းအိမ်က သိလေသည်။

"ဒါကဘာလဲ သူ့ဖြင့်..." မနန်းအိမ်က မျက်စောင်းလေး တစ်ချက်ထိုးရာမှ ပြုံးတုံ့တုံ့ ပြန်ပြောလိုက်၏။

"ဟုတ်ပါဘူးကွာ မိန်းမလုပ်တဲ့လူက ဝီရိယရှိတာကို သဘောကျပြီး မနေ့ညကလိုငါးရဦးမယ်လို့ ပြောတာပါ၊ ကိုယ်ပြုံးတာက ရိုးရိုးပဲဟာ"

"ဟင်း... တော်စမ်းပါ၊ သူ့ဖြင့် ဒါပဲ"

မီးဖိုပေါ်တွင်တည်ထားသော ထမင်းအိုး ဝေကျသံကို ကြားလိုက်ရသည့်အခါ မနန်းအိမ်သည် ထိုးလက်စပိုက်ကို ချထားခဲ့ပြီး မီးဖိုတွင်းသို့ ကမန်းကတန်း ထပြေးလေ၏။ ကိုကျီးညိုမှာ ရပ်လက်စဖြစ်သောပိုက်ကို အကွက်ကျ အချိုးကျ ခေါက်သိမ်းနေရာမှ ဇနီးသည်၏နောက်ပိုင်းကိုကြည့်ရင်း ခပ်ပြုံးပြုံးကျန်ရစ်လေ၏။ ကိုကျီးညိုနှင့် မနန်းအိမ်တို့ အိမ်ထောင်ရက်သားကျခဲ့သည်မှာ ခြောက်လခန့်သာကြာရှိပေသေးသည်။ သူတို့ကား အသစ်စက်စက် အိမ်ထောင်ဦးဇနီးမောင်နှံဖြစ်၏။

သားသမီးမရသေးသည့် လွတ်လပ်သူများဖြစ်ကြသည့်အတိုင်း လင်နှင့်မယား ရှေ့သွားနောက်လိုက်ညီသူများဟု ဆိုနိုင်လေသည်။ ပိုက်ချ ငါးဖမ်းအလုပ်ကို လက်ရေတစ်ပြင်စီးလုပ်ကြ၏။ မနန်းအိမ်မှာ နေ့လယ်နေ့ခင်းများ၌ပင် အိမ်တွင် အလကားမနေ ပိုက်ထောင်သူကြီး ဦးထွန်းသာထံမှ

mgyoe.com

mgyoe.com


ပိုက်များကို လက်ခစားယူ၍ ထိုးလေသည်။ သူတို့ဇနီးမောင်နှံမှာ သားသမီး မရမီ အချိန်စပ်ကြား စီးပွားကို အားကြိုးမာန်တက် ဝီရိယဖက်၍ရှာကြရန် ရည်စူးထားကြသူများ ဖြစ်၏။

သူတို့နေထိုင်ရာ စကြော့ရွာကလေးတစ်ရွာလုံးသည် တံငါလုပ်ငန်းဖြင့်သာ စီးပွားရှာကြသည်။ အသက်မွေးဝမ်းကျောင်းပြုကြသည်။ ယောက်ျားမှန်လျှင် ပိုက်ချခြင်း၊ ကွန်ပစ်ခြင်း၊ ငါးမျှားတံ ချခြင်း၊ တိုင်ထောင်ခြင်း၊ ကိုင်းထောက်ခြင်း စသော မြစ်တွင်းတံငါလုပ်ငန်း၏ နည်းမျိုး အဖုံဖုံကို စုံလင်စွာ တတ်မြောက်ရ၏။ နောက်တစ်ဖန် ပိုက်လုပ်ငန်းဖြစ်သော ချည်ဖြီးချည်ထယ်ဆိုး၊ ပိုက်ထိုး၊ ကွန်ထိုးအလုပ်အမျိုးမျိုးကိုလည်း တတ်ကျွမ်းနားလည်ထားခြင်း ရှိရပေသည်။ ထိုသို့မဟုတ်ပါက ဤမည်သော တံငါတို့၏ဒေသတွင် အသက်မွေးဝမ်းကျောင်း ခက်ခဲလှပါဘိတောင်း။

မြစ်ဝကျွန်းပေါ်ဒေသ ဧရာဝတီမြစ်ကြီး၏ လက်ဝဲလက်ယာ ကမ်းခြေတွင်တည်ရှိသော ဓနုဖြူပိုက်တန်း၊ အဖျောက်၊ ဆကာ ကြီး၊ သာရဝေါနှင့် ညောင်တုန်းမြို့တစ်ဖက်ကမ်း ရန်ကင်းစံရာ၊ စကြော့၊ ကျီးကန်းသိုက် စသောဒေသများနှင့် ရွှေတောင်မှော်၊ လှိုင်းတာ၊ ကျိုက်ပိ၊ ကျုံမငေး၊ မော်လမြိုင်ကျွန်း စသောမြို့နယ် ကျေးရွာများတွင် လယ်သမား၊ ကိုင်းသမား၊ စီးပွားရေး အရောင်းအဝယ်သမားများရှိသလို ဧရာဝတီမြစ်ကြီးကို အားကိုးအားထားပြုကာ ငါးရှာသားရှာအလုပ်ဖြင့် အသက်မွေးမှု ပြုနေကြရရှာသော မြစ်တွင်း တံငါအလုပ်ဖြင့် အသက်မွေးမှုပြုနေကြသူများ ရှိကြပေသည်။

သို့ရာတွင် အခြားသောရပ်ရွာဒေသများမှာထက် မနန်းအိမ်တို့ စကြော့ရွာကလေးက တံငါလုပ်ငန်း၊ ပိုက်ကွန်အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူများ အထူးပို၍ များပြားလေသည်။ ကွမ်းခြံသမားနှင့် ကိုင်းသမားများ လယ်သမားများဟူ၍ ရှိပင်ရှိသော်ငြားလည်း ထိုသူများမှာ မပြောပလောက်ပေ။ သူတို့ဒေသ သူတို့ ရွာငယ်ကလေး၏ တည်နေပုံမှာလည်း ဧရာဝတီမြစ်ကြီး၏ ကမ်းထိပ်နဖူးတွင်ဖြစ်လေရာ သူတို့ သူတို့၏ရပ်ရွာဒေသတည်နေပုံသည်ပင် ထိုမည်သော ငါးလုပ်ငန်းဖြင့် အသက်မွေးမှု ပြုရန်အတွက် အထောက်အကူပေးသည့်နှယ် ရှိလေသည်။

ညောင်တုန်းမြို့၏ အနီးတစ်ဝိုက်တွင်တည်ရှိသော ပဲရုံဆိပ်ရွာ၊ ထိန်ကုန်းရွာ၊ လက်ပံချောင်းရွာ၊ ကျုံးမငေးရွာ၊ ရွှေဒဂါးကျွန်းရွာ စသော

mgyoe.com

mgyoe.com


ဒေသရပ်ရွာများမှာမူ မြေနုကျွန်းပေါ်အရပ်များဖြစ်သည် တစ်ကြောင်း၊ အတွင်းပိုင်းဒေသများမှာလည်း လယ်ကွင်း လယ်ယာမြေများသာဖြစ်သည် တစ်ကြောင်းတို့ကြောင့် ထိုအရပ်ဒေသရှိ ရွာသားရွာသူများမှာ တစ်နှစ်လျှင် နှစ်သီးစားဖြစ်သော လယ်လုပ်ငန်း၊ ကိုင်းလုပ်ငန်းများကို မှီခိုကာ အသက်မွေးဝမ်း ကျောင်းပြုနိုင်ကြလေသည်။

အမှန်သဘောမှာမူ ရပ်ရွာဒေသ၏ သဘာဝတည်နေပုံကို လိုက်၍လည်း ရွာနေလူတို့၏ အသက်မွေးဝမ်းကြောင်းမှု ကွဲပြားခြားနားကြခြင်း။ စိတ်နေစိတ်ဓာတ် ဓလေ့စရိုက်၊ ကျင့်မှုကျင့်ရာ ခြားနားကွဲပြားကြခြင်းဖြစ်လေသည်။ တံငါနားနီးတံငါ မုဆိုးနားနီး မုဆိုး ဆိုရိုးစကားအတိုင်း ဖြစ်ကြစမြဲ ဓမ္မတာပင်။

အနောက်ဘက်မိုးကုပ်စက်ဝိုင်းသို့ နေဝန်းသည်ကျဆင်းငုပ်လျှိုး စပြုလေပြီ။ တံငါရွာကလေးတစ်ရွာလုံးသည် အိပ်စက်ရာမှ လန့်နိုးသူများအလား ထကြွ လှုပ်ရှား စပြုလာတော့၏။ သူတို့ကား နေ့တွင် နား၍ ညဥ့်ဘက်များမှာ ဝမ်းစာရှာမှီးသူများပေတည်း။

ငါးသလောက်ပိုက် ကိုယ်စီကို ပခုံးထက်နှင့် လက်ပေါ်တွင်တင်၍လည်းကောင်း၊ လှော်တက်နှင့် လက်ဖက်ရည်အဖန်အိုးကို လက်တစ်ဖက်တွင် ကိုင်ရင်းမှသော်လည်း ကိုတံငါပိုက်သမားတို့သည် မြစ်ဆိပ်လှေငယ်ကလေးများရှိရာသို့ ဆင်းသက်ကြလေသည်။ ညနေဆည်းဆာချိန် ဖြစ်သောကြောင့် အနောက်ဘက်ရေစပ်တွင် ငုပ်လျှိုးစပြုနေဆဲ နေရောင်သည် ပတ္တမြားသွေး၊ ပတ္တမြားရည်ဝင်း စိုစိုဖြင့် မြစ်ရေပြင်တစ်ခွင်လုံးကို ယိုဖိတ်ဖြန့်ကြက်ထားဘိသည်။

စက္ကော့ရွာငယ်နှင့် ညောင်တုန်းမြို့၏ မြစ်လယ်ကို ပိုင်းခြားသတ်မှတ်ထားဟန်တူသော ရေလယ်တွင်ပေါ်ထွန်းနေသည့် သဲသောင်ပြင်ထက်မှ မြေပဲခင်းများသည် မြစိမ်းရောင်သဖွယ် ပြာလဲ့တောက်ပလှသည်။ သဲသောင်ကမ်းခြေရေစပ်ဝယ် ပျံဝဲနေသောစင်ရော်ငှက်ငယ်များသည်လည်းကောင်း၊ သောင်ယံတွင် မောင်နှံ တွဲလျက် ဝမ်းစာအတွက်ရှာမီးနေကြသော ငဟစ်ငှက်များသည်လည်းကောင်း မဖိုခေါ်သံဖြင့် တဂစ်ဂစ် အော်မြည်လျက် လှူးလာပျံသန်းလျက် ရှိကြသည်။

"အင်း... ကျီးညိုတို့တော့တယ် ဟုတ်သကွာ၊ ဒါမှ တာဝန် ကျေ

mgyoe.com

m gy

သပတိတ်၊ ယောက်ျားက ပေါက်ဆိန်ကိုင်တော့ မိန်းမက ဓားမကိုင် ဆိုသလို ပေါ့ကွာ"

ငါးသလောက်ပိုက်သမားတစ်ဦးဖြစ်သော ဦးတက်တူသည် မြစ်ဆိပ်သို့ ဆင်းသက်လာသော ကိုကျိုးညိုနှင့် မနန်းအိမ်ကို ဆီးပြောလိုက်သည်။

ဦးတက်တူသည် သူ့လှေငယ်တွင်းရှိ ရေများကို ရေပက်ခွံတစ်ခုဖြင့် တဖျန်းဖျန်း ပက်ထုတ်နေသည်။

"ဒါပေါ့ဗျာ... ကျုပ်တို့တော့ ကလေးမြေးငယ်မရှိတုန်း ကြိုးစားရှာရတာပဲ ဦးတက်တူရေ၊ တော်ကြာ သားတွဲလွဲသမီးတွဲလွဲဆိုမှတော့ ခက်သဗျ" ကိုကျိုးညိုက ရယ်ရယ်မောမောနှင့် ဦးတက်တူကို လှမ်းပြောလိုက်သည်။

"အေး အေး... ကောင်းပါသကွာ၊ သားမရှိသမီး မရှိတုန်းက ကြိုးစားရှာကြပေါ့၊ ဒါထက် ကျိုးညို၊ မင်း ဒီနှစ်ကို ဆာမိရွဲမှာ ပဲလားကွ"

လှေငယ်ပေါ်မှ ဦးတက်တူက စကားဆက်မေးနေသော်လည်း ကိုကျိုးညိုနှင့် မနန်းအိမ်တို့မှာ ရုတ်ချည်း စကားမပြန်နိုင်ပေ။ ကိုကျိုးညိုက သူ၏လှေငယ်ကလေးပေါ်သို့ ရှေ့မှလှမ်းတက်နေ၍ မနန်းအိမ်က လှေငယ်ကို လှုပ်ရှားယိမ်းထိုးမသွားစေရန် လှေနံတစ်ဖက်ကို လက်တစ်ဖက်ဖြင့် ထိန်းကိုင်ထားရခိုက် ဖြစ်၏။ လှေငယ်မှာ ကမ်းစပ်တစ်နေရာတွင် ငုတ်တိုင်တစ်တိုင်၌ ချည်ထားခြင်းဖြစ်၏။ မနန်းအိမ်သည် ကိုကျိုးညိုလှေပေါ်ရောက်သည့်အခါ၌ သူ့လက်တစ်ဖက်မှ လက်ဖက်ရည်အဖန်အိုး ဆေးလိပ် မီးအုပ် စသည်များကို တစ်ခုပြီး တစ်ခု လှမ်းပေးလိုက်သည်။

"မနန်း... ပဲ့က တက်ကွာ၊ ဒုံးရင်း ရောက်အောင် မင်းပဲလှော်၊ ကျုပ်လှေဝမ်းထဲက ရေပက်ထုတ်ပြီး ပိုက်ရှင်းထားလိုက်ဦးမယ်" ကိုကျိုးညိုသည် ဇနီးသည်ကို ထိုကဲ့သို့ပြောလိုက်ပြီး သူနှင့် ဘဝတူဖြစ်သော ဦးတက်တူဘက် တစ်ဖန်လှည့်ကာ "လာဗျာ ဒုံရင်း လှော်သွားရင်း စကားပြောကြတာပေါ့၊ ဒါမှ အလှည့်လဲဦးမယ်" ဟု လှမ်းပြောလိုက်သည်။

သို့နှင့်သာ ကိုကျိုးညို၏ လှေငယ်နှင့် ဦးတက်လူ၏ လှေငယ်သည် ရွာကမ်းခြေရေသာမှ ကပ်ခါ ကိုတံငါများစုဝေးရာ လေးတိုင်စင်တဲငယ်ရှိရာ ဒုံးရင်းစခန်းသို့ တဖြည်းဖြည်း လှော်တက်ခဲ့ကြသည်။

mgyoe.com

mgyoe.com


ဦးတက်တူ၏လှေငယ်မှာ တစ်ယောက်တည်းသမားဖြစ်၏။ ကိုကျီးညို ကဲ့သို့ ပိုက်လှေဦးစီး လိုက်မည့် ချစ်ဇနီး မပါပေ။

"ကျုပ်တော့ ဆာမိနဲ့ပဲ ဆက်လုပ်သွားဖို့ ရည်ရွယ်ထားတယ်ဗျာ၊သူ့ ကျေးဇူးကလည်း ကျုပ်မှာ ရှိသေးတယ် ဦးတက်တူ၊ မနှစ်တုန်းက အမေဆုံး တော့ သူ့ဆီက ငွေပိုကြေးပိုကလေး ယူပြီး အမေ့ မသာကို သင်္ဂြိုဟ်လိုက် ရတယ်၊ ခုတစ်ခါ မနန်းနဲ့ အိမ်ထောင်ကျပြန်တော့လည်း ဟိုကိစ္စ ဒီကိစ္စ လေးတွေအတွက် ငွေလေးငါးဆယ် ထပ်ယူရသေးတယ်"

မနန်းအိမ်က ပဲ့မှနေ၍ လှေငယ်ကို လှော်နေသည့်အခါ လှေငယ်၏ ငါးပိုင်းအလယ်ဗဟိုမှ ဝါးပက်ခွဲတစ်ခုဖြင့် လှေတွင်းရှိ ရေကိုပက်ထုတ် နေသော ကိုကျီးညိုသည် ဦးတက်တူကို လှမ်းပြောလိုက်၏။ လှေငယ်နှစ် စင်းမှာ ဦးချင်းညီကာ ခပ်မှန်မှန် တစ်ချက်ချင်း ဘေးချင်းယှဉ်လှော်တက် လာကြသည်။

"အေး... ကိုဆာမိလည်း ကောင်းပါတယ် ကျီးညိုရာ၊ သူ့ဆီကငါး ကောက်တဲ့ ဘထွန်းတော့ မျက်နှာကြောမတည့်ဘူး၊ စကားပြောဘောက် ဆတ်ဆတ်နဲ့၊ ချိန်ပြန် တွယ်ပြန်လည်း အမြဲတမ်းလို အသာစီးလိုချင်တဲ့ အကောင်၊ ငါတော့ သူကြီးကတော်ဒေါ်ဖော့ဖြူနဲ့ပဲ မြဲနေတော့တာပဲ မင်းခုန ကပြောသလိုပေါ့ သူ့ ကျေးဇူးတရားကလည်း ငါ့မှာ ရှိသကိုး၊ ခုချနေတဲ့ ပိုက်ဟာ သူကြီးကတော်ဆီက ငွေတစ်ဝက်ပေး ငါးတစ်ဝက်ပေးနဲ့ယူရ တာ"

ထိုဒေသတွင် ညောင်းတုန်းဈေးပေါ်နှင့် ရန်ကုန်သို့တင်ပို့ ရောင်းချနေ သော ငါးရှဲငါးဒိုင်များရှိလေရာ ကိုကျီးညိုတို့ပိုက်သမား ကိုတံငါများသည် ကိုယ်နှင့်ဆက်မိရာ ဆက်မိကြောင်းဖြစ်သော ကျေးဇူးမကင်းသည့် ငါးရှဲ ငါးဒိုင်များထံသို့ သူတို့၏ငါးများကို ပေးသွင်းခြင်း ပြုကြလေသည်။

"ဒါပေါ့ဗျာ... ကျေးဇူး မကင်းရာမကင်းကြောင်းတွေ ရှိကြတော့ လည်း နာချင်လည်းနာပါစေဆိုပြီး ဆက်ဆံကြရတာပါပဲ၊ အကုသိုလ်မှု နဲ့လည်း အသက်မွေးရပြန် သူ့ကျေးဇူးတရားလည်း မသိပြန်ဆိုရင်တော့ ကျုပ်တို့ဘဝ ဘယ်ကောင်းနိုင်ပါ့မလဲဗျာ၊ ကျုပ်တော့ အမေဆုံးပြီးတည်းက အတော် နောင်တရတယ်"

mgyoe.com

mgyoe.com

မနန်းအိမ်သည် လှေငယ်ကို တစ်ချက်ချင်း တက်ဆွဲရာမှ ချစ်လင်၏ စကားကို သတိပြုလိုက်မိလေသည်။ သူတို့တွင် ဘဝဆေးအကြောင်းမကောင်း၍ တံငါဖားလောင်းဖြစ်နေရသော်လည်း ကိုကျိုးညိုမှာ ထိုက်သင့်သလောက် စေတနာ စိတ်ထားကောင်းရှိသူ တစ်ဦးဖြစ်ကြောင်း သူ သိလေသည်။ သူ ကိုကျိုးညိုကို အိမ်ထောင် ပြုလိုက်ခြင်းသည်ပင် ဤအကြောင်း ဤအချက် များ ထိုက်သင့်သလောက် ပါဝင်ခဲ့သည်။

ဦးတက်တူနှင့် ကိုကျိုးညိုသည် စကားပြော ပြတ်သွားကြပြန်သည်။ လှေငယ်နှစ်စင်းမှာ ခပ်မှန်မှန် လှော်နေကြသည်။ မနန်းအိမ်၏ လှေငယ် မှာ ကမ်းခြေအတွင်းမှဖြစ်လျက် ဦးတက်တူ၏လှေငယ်မှာ မြစ်ပြင်ဘက် မှ ဖြစ်သည်။ သူတို့၏ နောက်ခပ်လှမ်းလှမ်းမှလည်း သူတို့နည်းတူ ပိုက် လှေငယ်များ တစ်စင်းစ နှစ်စင်းစ လှော်ခတ်လိုက်ပါလာကြသလို သူတို့ ရှေ့ ခပ်လှမ်းလှမ်းမှလည်း ဒုံးရင်းလေးတိုင်စင် တဲငယ်စခန်းရှိရာသို့ လှော် တက်နေသော လှေငယ်ကလေးတွေကို လှမ်းမြင်နေရသည်။

ကမ်းခြေတစ်လျှောက်တွင် ကိုင်းပင်များနှင့် ခရောင်းပင်များသည် လူတစ်ရပ်သာသာ ပေါက်နေကြသည်။ ကိုင်းပင်များသည် လေပြင်းပြင်း တိုးလိုက်တိုင်း တရှဲရှဲမြည်လေ၏။ နေလုံးသည် နီမြန်းဝါဝင်းနေရာမှ တ ဖြည်းဖြည်း တစ်စစ အသွေးအရောင် ဖျော့လျော့လာ၏။

မကြာမီ အလင်းရောင်ကွယ်ပျောက်၍ အမှောင်ရိပ်များ လွှမ်းခြုံပေတော့ မည်။

"ဦးတက်တူ သမီးလေး ညောင်တုန်းမှာပဲနော်"

မနန်းအိမ်သည် လှေငယ်ကို လှော်ရင်းက ဦးတက်တူကို မေးမြန်းလိုက် သည်။ သူ့မျက်လုံးများသည် တစ်ဖက်ကမ်းရှိ ညောင်တုန်းမြို့ဆီသို့ မျှော် မှန်းကြည့်လေသည်။

ဟိုမှာဘက်ကမ်းကတော့ မြို့ကြီးပြကြီးဖြစ်၏။ အိမ်ကြီးအိမ်ကောင်း များ ခံ့ညားထည်ဝါသောတိုက်တာ အဆောက်အအုံကြီးများ ရှိ၏။ လူကုန် တန် လူချမ်းသာ၊ ပွဲစားကြီးများ၊ ကုန်သည်ကြီးများ၊ မင်းစိုးရာဇာကြီးများ၊ မြေပိုင်ရှင်ကြီးများ၏ ရွှေမြို့တော်။ မနန်းအိမ်တို့ စက္ကော့ရွာကလေးနှင့် နှိုင်းယှဉ်စာနာသော် ညောင်တုန်းမြို့ဆိုသည်က ရွှေအိမ်ရွှေနန်း ကြငှန်းတမျှ ပါပေတကား။

mgyoe.com

mgyoe.com


"အင်း… ညောင်တုန်းမှာပဲပေါ့ကွယ်၊ သူ့ ဒေါ်လေးဖွားချစ်က ပွဲစားအိမ်ပို့ထားတယ်၊ ပွဲကတော်ကလည်း သူ့ကိုချစ်ပါတယ်"

"ကောင်းပါတယ်လေ၊ မြို့ကြီးပြကြီးက ပွဲစားကုန်သည်အိမ်မှာဆိုတော့ ရွှေပင်နားရွှေကျေးပေါ့၊ ဦးတက်တူလည်း စိတ်အေး ရတယ်"

"ဟုတ်တာပေါ့ ဟယ်၊ ဖွားချစ်ယောက်ျား ဖိုးခကလည်း ပွဲစားလူယုံတော်ပဲ၊ မနှစ်က ငါးပိပေါ်ချိန် ငါ တစ်ခေါက်ရောက် သွားတယ်၊ လုံမလေးကို ပွဲကတော်က ရွှေလေး၊ ငွေလေးတောင် ဆင်ထားသဟ"

ဦးတက်တူမှာ ဇနီးသည်သေဆုံးသွားပြီးနောက် ညွှန့်ခင်အမည်ရှိသော ဆယ့်သုံးနှစ်ရွယ် သမီးတစ်ယောက် ကျန်ရစ်ခဲ့၏။ ထိုသမီးငယ်ကို ညောင်တုန်းကျွန်းထိပ်ရပ်ကွက်တွင် နေထိုင်သောနှမဖြစ်သူ ဖွားခင်က ခေါ်ထားရာမှ မြို့ပေါ်ရှိ ပွဲစားအိမ်တစ်အိမ်တွင် တောက်တိုမယ်ရစေခိုင်းရန် အပ်နှံထားပေး လေသည်။

ဦးတက်တူမှာ သူ့တစ်ဝမ်းတစ်ခါးကို ငါးသလောက်ပိုက်ချ၍ အသက်မွေးမှုပြုနေရသည့်တိုင် ပြောင်ပြောင်လက်လက် မရှိပေ။ သူ့တွင် အချိန်ကာလကြာမြင့်စွာကပင် စွဲကပ်လာသော ဘိန်း၏နှိပ်စက်မှုကြောင့် သူရှာဖွေရသမျှ ငွေကြေးဟူသည်က ဤမှာဘက်၌သာ ကုန်ခန်းခဲ့လေသည်။ အရူးသိုလ်မှုဖြင့် ရှာဖွေရရှိခဲ့သော သူ၏ဝင်ငွေသည် အကုသိုလ်မှုဖြင့်သာကုန်ခန်းခဲ့လေ၏။ ဒါပေမင့် ဦးတက်တူ ဝမ်းမနည်းမိ။

သူ့အဖို့ ဘဝဟူသည် အဖန်တလဲလဲ အမြဲမကွာဖြစ်စေ ပျက်စေခြင်းဟု သဘောမထား၊ ဤဘဝ ဤမျှသာဟု နှလုံးပိုက်စွာ မှတ်ထားသူတစ်ဦးသာ ဖြစ်ပေ၏။

ငွေနှင်းမှုန်တို့သည် လေညင်း သုန်သုန်ဝယ် ရောထွေးလိုက်ပါလာ၏။ မြစ်ပြင်မှ တဖွေးဖွေး ဆော့မြူးလိုက်ပါလာသော လှိုင်းဂယက်ကလေးများသည် ကိုတင်ငါတို့၏ လှေငယ်နံပါးကို တဖျပ်ဖျပ် ရိုက်ခတ်လေသည်။ မကြာမီ ဦးတက်တူ၏ပိုက်လှေနှင့် ကိုကျိုးညိုတို့ လှေငယ်နှစ်စင်းသည် ဒုံးရင်းလေးတိုင်စင် တဲငယ်ရှိရာသို့ လှေဦး ထိုးကပ်လိုက်ကြလေတော့သည်။

၀✧၀

mgyoe.com

mgyoe.com

(သုံး)

"ခုဆင်းသွားစာဘယ်သူလဲဗျ"

အလှည့်မရောက်သေးသူများသည် ခပ်ကျဲကျဲ သက်ငယ် မိုးထားသော လေးတိုင်စင်တဲငယ်အောက် စုရုံး ထိုင်နေကြ၏။ သူတို့သည် အလှည့် မရောက်သေးမီ ခုလိုပင်ဝိုင်းအုံစုဝေးထိုင်ကြရင်း ထွေရာလေးပါး စကား စမြည် ပြောနေတတ်ကြသည်။ သူတို့၏ စကားများသည် ထူးထွေဆန်းပြား ခြင်းတော့ မဟုတ်။ ငါးသလောက် ပိုက်အကြောင်း၊ မျှောဘူးတွင် ဟပ်၍ မိသော ငါးမြင်းရင်းကြီး ငါးတန်ကြီးများအကြောင်းနှင့် ခနဖြုပိုက်တန်းမှ သူတို့လို ပိုက်သမားကို တံငါများအကြောင်းတွေသာ ဖြစ်၏။

"ထွန်းကြည်ပိုက်ဗျ... လာကြဗျို့" ဝိုင်းထိုင်နေသော လူအုပ်ထဲမှ သာရင်သည် ဦးတက်တူ၏ အမေးကိုဖြေရင်း ကိုကျိုးညိုတို့ကို ခေါ်လိုက် သည်။

လေးတိုင်စင်တဲငယ်၏အပြင် ခပ်လှမ်းလှမ်းတစ်နေရာတွင် ကဏန်း ကျစ်စာခဲသုံးခုကို ဖိုခနောက်ပြုထားသော မီးဖိုတစ်ခုရှိရာ ပိုက်သမားတစ် ဦးဖြစ်သော ဦးဖိုးမှုန်သည် ရေနွေးအိုး တည်နေလေသည်။ ကိုကျိုးညိုနှင့် ဦးတက်တူသည် လေးတိုင်စင်တဲငယ်၏ တစ်နေရာတွင် အများနှင့် ရောနှော ကာ ဝင်ထိုင်လိုက်ကြ၏။ မနန်းအိမ်မှာ သူတို့နှင့်ရောမထိုင်ပေ။ ဦးဖိုးမှုန် ရှိရာ မီးဖိုဆီသို့ လျှောက်သွားလျက် သနပ်ဖက်ဆေးလိပ်တစ်လိပ်ကို မီးညှိ လေသည်။

mgyoe.com

mgyoe.com

"မနန်းတို့ မနေ့ညက တော်တော်ရလားဟဲ့"

ဦးဖိုးမှုန်သည် တရှဲရှဲ ဆူကျလာသော မြေလက်ဖက်ရည်အိုးတွင်းသို့ လက်ဖက်ခြောက်ခပ်ရင်း မနန်းအိမ်ကို မေးလိုက်၏။

"သုံးပိဿာတောင် မပြည့်တတ်ပါဘူး ဦးကြီးမှုန်ရယ်"

မနန်းအိမ်သည် ဆေးလိပ်မီးညှိပြီးသွားသော မီးစကို မီးဖိုတွင်း ပြန်ထိုးသွင်းရာမှ ပြောလိုက်သည်။

"တော်သေးသပဟယ်၊ ငါ့ဖြင့် ငါးမြင်းအုပ်ဖား နှစ်ကောင်တည်းနဲ့ပြီးတာပဲ၊ တစ်ညလုံး သုံးလေးခေါက်ဟာတော့ ပိုက်ထဲကို ငါးမတိုးပါဘူး ဒုံးရင်းသာ ပြန်ရောက်ပါလေကော"

ဦးဖိုးမှုန်သည် ခွင်ပေါ်မှလက်ဖက်ရည်အိုးကို အောက်သို့ချလိုက်လေသည်။ သူသည် လူအုပ်ရှိရာ တဲငယ်တွင်းသို့ မသွားသေးဘဲ မီးဖိုအနီး၌ထိုင်မြဲထိုင်ကာ မနန်းအိမ်နှင့် စကား ဆက်ပြောနေပြန်သည်။

"ဒီညတော့ နှင်းလေး လိုက်လာပြီ တော်တော်လေးတော့ တိုးလိမ့်မယ် ထင်ရတာပဲ ဦးကြီးမှုန်"

"အေး... နှင်းလိုက်ရင် ငါးလိုက်တတ်တယ်ဟ"

ဦးဖိုးမှုန်သည် စိတ်အားထက်သန်စွာ ပြောလိုက်သည်။ အတန်ကြာသည်အထိ ဦးဖိုးမှုန်သည် မနန်းအိမ်နှင့် စကားပြောပြီးမှ လက်ဖက်ရည်အိုးကို လူအုပ်ရှိရာတဲငယ်တွင်းသို့ယူဆောင်သွားလေသည်။ ဦးဖိုးမှုန်ထွက်သွားသည့်အခါ မနန်းအိမ်သည် နောက်ထပ်၍ သစ်ကိုင်းခြောက်များကို မီးဖိုထဲ ပြုထိုးကာ ရေနွေးအိုးတည်ရန် ပြင်ဆင်ခြင်းပြုလေသည်။

တဒေါက်ဒေါက်ခေါက်လိုက်သော လှေနံရိုက်သံကို ကြားလိုက်ရ၏။ ပထမဆင်းသွားသောပိုက်လှေသည် ဒုတိယပိုက်လှေသမားကို ဆင်းခဲ့လိုက်ခဲ့တော့ဟု အထိမ်းအမှတ် အသံပေးလိုက်ခြင်းဖြစ်၏။ မြစ်လယ်မှ ပိုက်လှေငယ်သည် စက္ကော့ရွာဦးဆီသို့ ရောက်လုနီးနေပေပြီ။

"မဲလေး... မင်းအလှည့်မှတ်လား ဆင်းလကွယ့်"

သာရင်ကပြောလိုက်၏။ အသံပေး ခေါက်လိုက်သော လှေငယ်သည် ထွက်ပြူစဖြစ်သော လရောင်ခပ်ရေးရေးအောက်ဝယ် ရေကြောအတိုင်း တရွေ့ရွေ့ မျောပါနေလေသည်။ အတန်ငယ်ကွာ လှမ်း၍ လှေငယ်သည် မသဲကွဲပေ၊ ခပ်မည်းမည်းသဏ္ဍာန်သာ မြင်ရ၏။ ကိုတံငါသည် ပိုက်ကို

mgyoe.com

mgyoe.com


ရေကြောရေလယ်တွင် ချကာ ပိုက်နှင့် မနီးမဝေးမှ လှေငယ်သည် ရေယာဉ်စီးလျက် တအိအိ လိုက်ပါနေခြင်းဖြစ်၏။

"မဲလေး... ဆင်းလဟ"

လက်ဖက်ရည်အဖန်ကို တဖူးဖူးမှုတ် သောက်နေသော မဲလေးအား ဦးဖိုးမှုန်က ဆိုပြန်သည်။ သူတို့လူစုထဲတွင် ဦးဖိုးမှုန်သည် အသက်အကြီးဆုံး ဝါအရင့်ဆုံး တံငါအိုကြီးတစ်ယောက်ဖြစ်၏။

"ဆင်းတာပေါ့ဗျာ၊ ဘကလည်း ခင်ဗျားကောင် လွတ်လွတ်ကျွတ်ကျွတ် ရောက်ပါစေဦးဗျ၊ အလကားအကော်ကြော ပိုက်ချင်းကပ်နေမယ်"

မဲလေးက ထိုင်ရာမထ ထိုစကားကို ပြောလိုက်ပြီး သောက်လက်စ လက်ဖက်ရည်ကိုပင် တဖူးဖူး မှုတ်သောက်နေသည်။ အရင်လူနှင့် နောက်လိုက် ပိုက်ချင်း ကပ်နေပြန်တော့ တကျက်ကျက် တကျီကျီဖြစ်ရတတ်ပြန်သည်။

"လွတ်ပါသကွာ၊ အပြင်ရေကြောက မင်းလိုက်ပေါ့၊ ထွန်းကြည်ပိုက်က အတွင်းရေကြောင်းဆွဲသွားတာပဲဟ"

"ကိုင်း... ဒီလိုဆိုဆင်းမယ်ဗျာ၊ ကျုပ်ကလည်း အပြင်ကြော လိုက်မှာပါပဲ ဈေးဦးကျွန်းရေသာဘက်က ငါး ပိုမြူးတယ်"

မကြာမီ မဲလေးသည် လက်ဖက်ရည်ပန်းကန်ကို ချထားခဲ့ပြီး ကမ်းစပ်ရှိ သူ့လှေငယ်ပေါ်သို့ လျင်မြန်စွာတက်ကာ လှေငယ်ကို ဈေးဦးကျွန်းသောင်ခြေရှိရာသို့ ဦးတိုက်၍ လှော်သွားလေသည်။

ဤလိုနှင့်သာ အရင်ရောက်သူက အရင်ဆင်းရသောအလှည့်ကျ စနစ်အတိုင်း တစ်ဦးပြီးတစ်ဦး တစ်လှေပြီး တစ်လှေ ဆင်းသက်ခြင်းပြုခဲ့ကြရာ ငွေနှင်းမှုန်ကြားမှ လရောင်ရွှန်းမြလာချိန်ဝယ် ကိုကျီးညိုအလှည့်ရောက်ခဲ့လေသည်။

"လာဟေ့... မနန်း ဆင်းကြစို့"

မနန်းအိမ်သည် မီးဖိုဘေးတွင် နှပ်ထားသော လက်ဖက်ရည်အိုးကို ယူလျက် ကိုကျီးညို၏နောက်ပါးမှ လှေငယ်ရှိရာသို့ ဆင်းခဲ့လေသည်။

"တို့များတော့ ဒုံရင်း ဒုံရင်းပါပဲကွာ၊ တစ်ကောင်တစ်မြီးမှ မရပါဘူး ကျီးညိုရာ" အလှည့်ပြီး၍ ပိုက်သိမ်းကာ ဒုံးရင်းတဲငယ်စခန်းသို့ ပြန်တက်လာသော သာရင်က ကိုကျီးညိုကို လှမ်းပြောလိုက်၏။ အချိန်က စောသေး၍

mgyoe.com

mgyoe.com


အကြောင်းမသင့်သည့်အခါ ပိုက်တွင်းသို့ ဟုတ်တိပတ်တိ မတိုးချေ။ ညဦးနက်လာ၍ နှင်းမှုန်ရီ လာလျှင်မူ ငါးများသည် မြူးရာ၊ ဆော့ရာမှ ပိုက်တွင်းသို့ တိုးဝင်မိကြသည်။

“သည်တကြော့ ပြန်ဆင်းတော့ ရလိမ့်မပေါ့ သာရင်ရာ”

ကိုကျီးညိုသည် သာရင်ကို ထိုကဲ့သို့ လှမ်းပြောလိုက်၏။ သူသည် လှေငယ်ပေါ်သို့ ပဲ့ပိုင်းမှနေ၍ တက်လိုက်၏။ ဤတစ်ကြိမ်တော့ မနန်းအိမ်သည် လှေငယ်ဦးပိုင်းမှ ဖြစ်၏။ သူတို့ဇနီးမောင်နှံသည် အများနည်းတူ လှေငယ်ကို ရေဆန်သို့ အတန်ငယ်လှော်တက်ကြပြီးမှ မြင်ပြင်ရေလယ်ဘက်သို့ လှော်ထွက်ခဲ့ကြ၏။ ထိုကဲ့သို့ လှော်ခဲ့ပြီးသည်နောက် အနေတော်အလောတော် ရေကြောင်းအရောက် ကိုကျီးညိုသည် လှေဝမ်းတွင်းရှိဝါးကပ်ပေါ်မှ ပိုက်ကို တစ်ကန့်ချင်း ရေသို့ချသည်။

ထိုအခါတွင် လှေဦးပိုင်းမှ မနန်းအိမ်သည် သမင်လည်ပြန်နောက်လှည့် ကြည့်ကာ ပိုက်ချကောင်းရုံ အဆင်ပြေရုံမျှ လှေငယ်ကို ထိန်းလှော်ပေးရသည်။ ပိုက်အချ ကောင်း၍ ရေကြောင်းတွင် အလိုက်ကောင်းသော်ငါးအရပိုတတ်သည်ဟု သူတို့ ဆိုစမှတ်ပြု ကြ၏။ အသက်မွေးမှု အတတ်ပညာတစ်ခုဆိုသည်ကား အဘယ်မည်သောလုပ်ငန်းမျိုး၌မဆို သူ့နည်းသနားနိသျှနှင့်သူ ရှိစမြဲဖြစ်၏။ ပိုက်ကိုမြစ်တွင်းသို့ ပစ်ချလိုက်ရုံဖြင့် ငါးတွေရသည်တော့ မဟုတ်ပေ။ ငါးတိုးစေရန် ငါးမိစေရေးအတွက် ပိုက်ချနည်းက လိုပေသေး၏။

အတောင်နှစ်ဆယ် အစိတ်ရှည်လျားသောပိုက်ကို မြစ်ရေအောက်တွင် မရှုပ်မထွေးနှင့် ရေကြောရေစီးအတိုင်း တစ်ကန့်စီ တစ်ကန့်စီ မျောစေရန် အလိုက်သင့် ချတတ်ဖို့လိုပေ၏။ ဤလိုချတတ်ပါမှ ရေကြောရေကြောင်းအတိုင်း ဆင်းသက်လာသည့်ငါးမှာ ပိုက်ကို ဝင်တိုးမိမည်ဖြစ်၏။ နောက်တစ်ချက်မှာ မိမိချလိုက်သော ပိုက်သည် သတ်မှတ်ထားသောခရီးလမ်းဆုံးထိ ဖြူးဖြူးဖြောင့်ဖြောင့် မရှုပ်မထွေး မျောပါသွားရန် လိုပေ၏။ ထိုသို့မဟုတ်ဘဲ မချတတ်သဖြင့် ရှုပ်ထွေးနေမည်ဆိုပါက လှေပေါ်သို့ တစ်ဖန်ဆွဲတင်တစ်ဖန်ရေသို့ ပြန်ချဖြစ်နေတတ်လျက် ငါးမရဘဲ ရှိတတ်လေသည်။

“အထက်နား နည်းနည်းလှော် မနန်း၊ ဘူးတစ်လုံးလောက် မျှောလိုက်ရအောင်”

mgyoe.com

ငါးသလောက် ပိုက်ချပြီးသွားသောအခါ၌ လှေငယ်ပဲ့မှ ကိုကျီးညိုက မနန်းအိမ်ကို လှမ်းပြောလိုက်၏။ သူတို့၏ငါးသလောက် ပိုက်ကလေးမှာ ပိုက်ထိပ်အကန့်တိုင်တွင် တပ်ဆင်ချည်နှောင်ထားသော ဘူဖော့ကလေးတွေ အစီအရီဖြင့် မြစ်လယ်ကြောဝယ် တအိအိ တရွေ့ရွေ့ မျောပါနေသည်။

မနန်းအိမ်က လှေငယ်ကို ရေဆန်သို့ အတန်ငယ် လှော်တက်လေသည်။ ကိုကျီးညိုသည် လှေငယ်အတွင်းရှိ မျှောဘူးတစ်လုံးမှ ငါးမျှားချိတ်တွင် ငါးပြေငယ်အရှင်တစ်ကောင်ကို ကျောရိုးမှနေကာ ချိတ်လိုက်သည်။ ထိုသို့ချိတ်ပြီးမှ ငါးအရှင်ချိတ်ထားသော ငါးမျှားပေါ်သို့ "ဖွ… ဟ ကြီးကြီး ငါးဟပ်စမ်း" ဟု သူ့ပါးစပ်မှ မန်းမှုတ်သလိုဆိုလျက် မြစ်ပြင်တစ်နေရာကို မျှောဘူးကို လှမ်းပစ် လိုက်သည်။

အဆစ်ပိတ်ဝါးပိုးဝါးကို ကတ္တရာ သုတ်ထားသော မျှောဘူးငယ်သည် ရေပြင်ပေါ်တွင် တဝဲဝဲ လည်နေရာမှ ရေစုန်အတိုင်း မျောပါသွားလေသည်။ ကျောရိုးမှနေ၍ ငါးမျှားချိတ်တွင်ချိတ်ထားသော ငါးအရှင်ငယ်သည် ရေအောက်တွင် အသက်မသေဘဲကူးနေမည် ဖြစ်လေရာ ကြီးမားသော ငါးမြင်းရင်း၊ ငါးတန် စသော ငါးကြီးများက တွေ့သည့်အခါ သူတို့၏အစာဖြစ်သော ငါးငယ်ကို အရှိန်ပြင်းစွာ ပြေးဟပ်လိုက်၏။ ထိုကဲ့သို့ ဟပ်လိုက်သည့်ခဏ၌ ကျောရိုးကို ခပ်သာသာ ချိတ်ထားသောငါး အရှင်အငယ်မှာ အဝေးသို့ လွင့်စဉ်ထွက်သွားတတ်လျက် ဟပ်လိုက်သော ငါးကြီးသည် အောက်နှုတ်ခမ်းကိုသော်လည်းကောင်း၊ အထက်နှုတ်ခမ်းကိုသော်လည်းကောင်း ငါးမျှားချိတ် စူးဝင်ချိတ်မိလေတော့၏။

ညဉ့်က လှလေသည်။

နှင်းမြူကြားမှ လရောင်ဝင်းပပသည် မြစ်မင်းရော၏ အလှအပကို ကြည်နူးစရာ ထွန်းပလေသည်။ စိန်ကြွယ်ပွင့်တို့သည် မိုးပြာပြာထက်မှ လက်လက်စင် တောက်ပကုန်၏။ သြကာသလောကသည် နှိုင်းယှဉ်မရသော အလှအပဖြင့် ဝင့်ကြွားရှိဘိသည်။

သဘာဝလောက၏ အလှအပထက် မနန်းအိမ်၏မျက်နှာကလေးက ပိုမိုကာ စွဲမက်စရာပါကလား… ဟု ကိုကျီးညို ထင်ယောင်မိလေသည်။ မနန်းအိမ် ကိုယ်တိုင်ကလည်း ထိုနည်းနှင်နှင်ပင် ဖြစ်သည်။ ငွေပြာရောင်

mgyoe.com

mgyoe.com

တောက်နေသည့် မြစ်မင်းရော၏ ညဥ့်အလှကိုသော် လည်းကောင်း၊ ငွေနှင်းလွှာကြားမှ ထွန်းတောက်သာယာနေသည့် လမင်းစန္ဒာ၏ အလှအပထက်သော်လည်းကောင်း ချစ်လင်၏ နှစ်လိုဖွယ်ကောင်းသော မျက်နှာကိုသာ စွဲမက်ခြင်းရှိလှသည်။

ညဥ့်၏အလှသည် တုပြိုင်နိုင်း မရရှိလှသည်။ လင်ယောက်ျား၏ မျက်နှာကလည်း ဖိုးလမင်းပမာ လှပသည်။ သူတို့၏ ညီမျှသော ချစ်ခြင်းမေတ္တာသည် တိတ်ဆိတ်သော ညဥ့်ယံကို လှုပ်ရှားနိုးကြားစေခဲ့လေသည် တကား။

မှုန်ဝါးဝါးမြင်နေရသော လရောင်အောက် ရေပြင်ထက်ရှိ ဉာဏ်ဖော့နက်နက်ကလေးသည် ရေတွင် မြုပ်ချည်ပေါ်ချည်ဖြစ်သွားလေ၏။ ဤသည်ကို မနန်းအိမ်က မြင်လိုက်လေ၏။

"ဟော... ဟော... ငါးတိုးနေပြီ ကိုညို"

မနန်းအိမ်သည် လှေငယ်ဦးမှနေကာ ထိုကဲ့သို့ပြောလိုက်ရင်း ရေတွင်နှစ်ထားသော လှော်တက်ကို ခပ်သွက်သွက် လှော်ယက်လိုက်၏။ ကိုကျီးညိုကလည်း မနန်းအိမ်ကဲ့သို့ပင် ရေကြောတွင် မျောနေသောပိုက်ရှိရာသို့ ခပ်သွက်သွက် ကူလှော်လေသည်။

မြုပ်ချည်ပေါ်ချည်ဖြစ်နေသော ဉာဏ်ဖော့ကလေးအနီးသို့ သူတို့ရောက်လုလုတွင် ဖော့ကလေးမှာ ရှေးကထက် လျင်မြန်စွာ ရေတွင် ငုပ်လိုက်၊ ပေါ်လိုက် မြုပ်လိုက်ဖြစ်နေ၏။ ပိုက်တွင် တိုးမိနေသောရေမျက်နှာပြင်အောက်ရှိငါးသည် ရေသံကြားသော် ရှေးကထက် တိုးကာ ရုန်းကန်ဟန်တူသည်။ လှေဦးမှ မနန်းအိမ်သည် ဉာဏ်ဖော့မြုပ်နေသည့်ပိုက်တစ်ကန့်ကို အသာအယာ ရေပေါ် ဆွဲတင်လိုက်၏။ မှုန်မွှားမွှား လရောင်အောက်တွင် ပိုက်နှင့်အတူ ငြိပါလာသည့် ရွှေပြာရောင်တောက်ပနေသော ငါးသလောက်တစ်ကောင် ဖြစ်၏။

မနန်းအိမ်သည် ကျွမ်းကျင်ဖျတ်လတ်စွာ မိနေသောငါးကို ပိုက်မှ ဖြုတ်ယူပြီး လှေဝမ်းထဲသို့ ထည့်လိုက်သည်။ ငါးသည် တစ်ချက်နှစ်ချက်သာ ခုန်ဆွခုန်ဆွဖြစ်ပြီး ငြိမ်သက်သွားလေသည်။ မနန်းအိမ်သည် လက်တွင်းမှ ပိုက်ကို ရေထဲပြန်ချလိုက်၏။

mgyoe.com

mgyoe.com


"ငါးသလောက်လား... ငါးမြင်းအုပ်ဖားလားကွ"

လှေပဲ့ပိုင်းမှ သဲသွဲကွဲကွဲမမြင်ရသော ကိုကျီးညိုက မေးလိုက်၏။ သူသည် ရေသံမကြားရအောင် တက်ကို ရေပေါ်သို့ မဖော်ဘဲ ပိုက်နှင့် အတန်ငယ်ကွာရာသို့ လှေငယ်ကို ပဲ့ထုတ်လိုက်၏။

"ငါးသလောက်"

မနန်းအိမ်သည် လှေငယ်ဦးမှနေကာ ထိုအဖြေကိုပေးရာမှ ရေကြောအတိုင်း တအိအိ မျောပါနေသည့်ပိုက်၏ ဘဲဥဖော့ကလေးများကို တစူးတစိုက်ကြည့်နေပြန်သည်။ ငါးသတ္တဝါများသည် ပိုက်တွင်း တိုးမိသော် အနည်းဆုံး သုံးလေးကောင်မှာ ဆက်တိုက် တိုးတတ် ရတတ်၏။ တစ်ကောင်နှင့်တစ်ကောင် ပြေးရင်းလိုက်ရင်း ဆော့မြူးရင်း ပိုက်တွင်းသို့ တိုးမိခြင်းဖြစ်ရာ အကြောင်းသင့်လျှင် တစ်ကောင်မက သုံးလေးကောင်ရတတ်၏။ ဤသည်၏ သဘောကို မနန်းအိမ် နားလည်းလေသည်။

သို့ကြည့်နေခိုက်၌ပင် ခပ်လှမ်းလှမ်းမှ ဘဲဥဖော့ကလေးနှစ်ခုသည် မြုပ်ချည်ပေါ်ချည် ဖြစ်ပြန်သည်။ ဤသည်ကို ကိုကျီးညို မမြင်ပြန်ပေ။ လှေငယ်နှင့် အတော်ဝေးဝေး ရေကြောတွင် မျောနေသော မျှောဘူးကို မျက်စိရောက်နေသောကြောင့်ဖြစ်၏။ လှေငယ်ဦးမှ မနန်းအိမ်သည် လှော်တက်ကို ကောက်ကိုင်ကာ ဘဲဥဖော့ငယ်များ မြုပ်ချည် ပေါ်ချည်ဖြစ်နေရာသို့ လှေငယ်ကိုလှော်လေ၏။ ထိုအခါမှ လှေပဲ့က ကိုကျီးညိုသည် ကူလှော်လေသည်။

ဤတစ်ကြိမ် ပိုက်ကိုရေပေါ်သို့ ဆွဲတင်လိုက်သည့်အခါ၌ကား ငါးသလောက်နှစ်ကောင် ပိုက်တွင် ငြိပါလာသည်။ ဤလိုနှင့် သူတို့ပိုက်သမားတွေ သတ်မှတ်ပိုင်းခြားထားသော စခန်းဆုံး ပိုက်သိမ်းရမည့်နေရာသို့ရောက်သောအခါ သူတို့ဇနီးမောင်နှံမှာ ငါးသလောက်နှင့် ငါးမြင်းအုပ်ဖား ခြောက်ကောင်တိတိ ရရှိခဲ့၏။ ပိုက်ရုပ်သိမ်းသည့်နေရာမှာ ကျီးကန်းသိုက်ရွာကိုပင် ကျော်လွန်ခဲ့လေသည်။ ပိုက်သိမ်းစခန်း ရေကြောမှာ ရေစီးပိုသန်လေသည်။ ဈေးဦးကျွန်းသောင်ကျရေနှင့် ရွှေဒဂုံးကျွန်းသောင်ကျရေတို့ ပေါင်းမိသောနေရာဖြစ်၏။ ရေကြောနှစ်ခုဆုံမိသောကြောင့် ရေစီးမြန်၍ ရေကြောသန်လှလေသည်။ ဤနေရာရောက်ပြန်တော့ ဟုတ်ဟုတ် ငြားငြား ငါးမတိုးတော့ချေ။

mgyoe.com

mgyoe.com

ကိုကျိုးညိုသည် ရေအောက်မှငါးသလောက်ပိုက်ကို လှေငယ်ပေါ်သို့ တစ်ကန့်ချင်း တစ်ကန့်ချင်း ဆွဲတင်လိုက်၏။ ပိုက်တစ်ဖုံလုံး လှေငယ်ပေါ်ရောက်သည့်အခါ ခပ်လှမ်းလှမ်း ရေစီးတွင် တရိပ်ရိပ် မျောပါသွားသော မျှောဘူးနောက် ခပ်သွက်သွက် လှော်လိုက်ကြရပြန်သည်။ အတန်ငယ်လှော်မိမှ မျှောဘူးကိုမီကာ လှေငယ်ပေါ် ဆွဲတင်လိုက်ရ၏။ မကြာမီ သူတို့ဇနီးမောင်နှံ နှစ်ဦးစလုံး ရေသာကမ်းခြေသို့ ပြန်လှော်ကြကာ ထိုမှတစ်ဖန် ဒုံးရင်းစခန်းဖြစ်သောလေးတိုင်စင်တဲငယ်ရှိရာသို့ တဖြည်းဖြည်း လှော်ပြန်ခဲ့လေသည်။

ဤလိုပင် ပိုက်ဆင်း ပိုက်တက်ပြုကြရသည်မှာ ခရီးအကွာအဝေးကိုလိုက်၍ တစ်ကြိမ်လျှင် မိနစ်လေးဆယ်၊ တစ်နာရီခန့်ကြာ ရှိတတ်လေသည်။ ဒုံးရင်းစခန်းသို့ရောက်ပြန်တော့ အလှည့်ကို စောင့်ရသေးသည်။ တစ်ညဉ့်လုံးအတွက် ငါးကြိမ်ခြောက်ကြိမ်လောက် ချလိုက်ပြီးလျှင် လုပ်ငန်း သိမ်းကြရလေသည်။ ညဉ့်အတော် နက်လာသောအခါ၌ကား မြစ်နဒီတွင်းဝယ်ငွေနှင်းများသည် ထူထပ်သိပ်သည်းစွာ ကျလာလေသည်။ လေညင်းကလည်း တသုန်သုန် တဖြူးဖြူး ရိုက်ခတ်ဆော်သွင်းလာ၏။ ကိုတံငါတို့ ဘဝမှာ ချမ်းလို့တုန် မလုံကွေးတယ် ဖြစ်ကြရရှာသည်။ သို့တစေ အဘယ်သို့တတ်နိုင်ပါချေမည်နည်း။ ထမင်းတစ်ဝမ်းအတွက် ကိုယ်ရေးကြုံတော့ သက်လုံကောင်းရစမြဲ။

ညဉ့်အတန်နက်ခဲ့ပြီ။

ဆန်းစသော်တာသည် ထက်အာကာတိမ်တိုက်တွင်းမှ ခရီးကို အသော့နှင်လေပြီ။ ရွာဆီမှ ကြက်တွန်သံများသည် မြစ်ပြင်သို့ လွင့်ပါလာသည်။ ငါးကြိမ်မြောက်ဖြစ်၏။

မနန်းအိမ်၏ လက်ချောင်းကလေးများသည် မြစ်ရေနှင့် မကြာခဏထိတွေ့ရကာ နှင်း၏ရိုက်ခတ်မှု အအေးဒဏ်ကို ဖြည့်စွက်ခံရသောကြောင့်ပဲကြီးရေစိမ် တွန့်သလို တွန့်လိုက်လာ၏။ လက်ဖျားနှစ်ဖက်စလုံးသည် ကျဉ်တက်လာ၏။ ကျဉ်ရာမှ ကြာပြန်သော် ထုံတက်လာ၏။ ဤလိုထုံကျဉ်မှုဝေဒနာကို မနန်းအိမ် ဂရုမပြုနိုင်၊ အရေးမစိုက်အား ငါးများများ ရရှိရေးအတွက်သာ ဇောကပ်နေရှာလေသည်။ မနန်းအိမ်သည် လှေငယ်၏ ဝမ်းထဲသို့ ကြည့်လိုက်၏။

mgyoe.com

မနန်းအိမ်ဝမ်းသာမိ၏။

ငါးကြိမ်တိတိ ပိုက်ဆင်းမိသောအခါ၌ သူတို့တွင်ငါးသလောက်နှင့် ငါးအုပ်ဖား ခြောက်ပိဿာထက်မနည်း ရနေလေပြီ။ ထိုသို့ဆိုသော် ညဥ့်တွက်ကိုက်သည်ဟု သူ့ဝမ်းထဲမှ ယူဆမိ၏။ ငါးသလောက်မှာ ပေါ်ဦးပေါ်ဖျား၌ ဈေးကောင်းကလေး များရတတ်ပေသည်။ နောက်ရက်နောက်ညဥ့်များ၌လည်း ဤလို နှင်းလိုက်က ငါးတိုးပေဦးမည်။ မနန်းအိမ်အားတက်မိ၏။

ငွေလစန္ဒာသည် တိမ်တိုက်တွင်းဝယ် ငုတ်ချည်ပေါ်ချည်ဖြစ်စ ပြုပြီ။ မကြာမီပင် လရောင်ကွယ်ပျောက်တော့မည်။ မနန်းအိမ်သည် ဖော့ကလေးများကို စိုက်ကြည့်ရာမှ အတွေးနယ်ချဲ့မိသည်။ ဤတဆောင်းတွင် သူမှန်းသလိုပေါက်ပါက အိမ်ထောင်ဦး၏ ထိုက်ထိုက်တန်တန် ပစ္စည်းပစ္စယကလေးများ ဝယ်ခြမ်းထားရမည်ဟု စိတ်ကူးနေလေ၏။ သို့မှသာ နောင်သားတွဲလွဲ သမီးတွဲလွဲဖြစ်လာသောအချိန်များ၌ ပူပန်ကြောင့်ကြရခြင်းနည်းပါးလေမည်ကို မနန်းအိမ် တွေးမိလေ၏။

သူနှင့် ကိုကျီးညိုတို့ အိမ်ထောင်ဦးတွင် ငါးသလောက် ပိုက်နှစ်ဖုံ၊ အိမ်ငယ်တစ်လုံး၊ လှေငယ်တစ်စင်းနှင့် ယခု သူ့နားတွင် ပန်ဆင်ထားသော ပုလဲနားကပ်တစ်ရံတို့မှာ ခန်းဝင်ပစ္စည်းအဖြစ် ပါရှိခဲ့၏။ ဤတစ်ဆောင်းကြိုးစားရှာလိုက်လျှင် သူလိုချင်နေသော သုံးမတ်သားခြောက်မူးသားရှိသည့် ရွှေကြယ်သီးကြိုးလေး တစ်ကုံးတော့ရပေမည်။ ဤပစ္စည်းကလေးက လင်ယောကျ်ားကိုကျီးညို အတွက်ဖြစ်၏။ ရွှေထည်ပစ္စည်းဆိုသည်က နောင်အကြောင်းမသင့်ခဲ့သော် လွယ်လင့်တကူ ထုခွဲနိုင်လေသည်။

မနန်းအိမ်သည် တရွေ့ရွေ့ တဖြည်းဖြည်း မျောနေသော ဉာဏ်ဖော့ကလေးများကို အငေးအငိုင်ကြည့်ရင်း အတွေးအတောပေါင်းမြောက်များစွာကို တရစပ် တွေးနေမိလေသည်။ ဤညဥ့်သည် လရောင်ရှိ၍ ဉာဏ်ဖော့ကလေးတွေကို မြင်နေရပေမယ့် လရောင်ကင်းမဲ့သော အမှောင်ဖုံးသည့်ညဥ့်များ၌မူ ဉာဏ်ဖော့ကလေးများကို ကြည့်မမြင်ရပေ၊ ထိုအခါများတွင် လှေငယ်ပေါ်မှနေကာ ပိုက်၏ လက်ရင်းကြိုးစကို လက်တစ်ဖက်မှ ကိုင်ထားရလေသည်။ ပိုက်တွင်းသို့ ငါးတိုးငါးမိနေသောအခါ ကိုင်ထားသောပိုက်

mgyoe.com

mgyoe.com


၏လက်ရင်းကြိုးစသည် တင်းသွားကာ တဆတ်ဆတ်လှုပ်လေ၏။ ထိုအခါ၌ ပိုက် တွင်းငါးတိုးမိနေပြီဖြစ်ကြောင်း သူတို့သိလေသည်။

"ဘူးကို ငါးဟပ်ပြီ မနန်းရေ"

လှေငယ်ပဲ့မှ ကိုကျီးညို၏အသံသည် မနန်းအိမ်၏အတွေးအတောများ ကို ရပ်တန့်သွားစေသည်သာမက မနန်းအိမ်၏နှလုံးသားကိုပင် ဆွဲကိုင် လှုပ်လိုက်သည့်အလား တစ်ကိုယ်လုံးမှာ တုန်လှုပ်ချောက်ချားသွားလေသည်။ ကြောက်ရွံ့ထိတ်လန့်သော တုန်လှုပ်ချောက်ချားမှုတော့ မဟုတ်ပေ။ ဘူး ကိုငါးဟပ်ပြီဆိုသောကြောင့် ဝမ်းမြောက်သော တုန်လှုပ်ချောက်ချားမှု ဖြစ် လေ၏။

မနန်းအိမ်သည် အတန်ငယ်အလှမ်းဝေးသော မျှောဘူးကို မျှော်ကြည့် လိုက်၏။ ရေအောက်ရှိ ငါးမျှားချိတ်တွင် မိနေသောငါး၏ ဆွဲငင်မှုကြောင့် မျှောဘူးငယ်သည် စက်တပ်ဆင်ပေးထားသည့်အလား ရေပေါ်တွင် လျင်မြန် သောအရှိန်ဖြင့် ပြေးနေလေ၏။ မျှောဘူးသည် ငါးဆွဲရာသို့ ပါသွားခြင်းဖြစ် ရာ ရေကိုစုန်၍သော် လည်းကောင်း၊ ဆန်၍သော်လည်းကောင်း ပြေးနေ၏။ ရေဆန်သို့ ငါးကဆွဲသည့်အခါ သိပ်မမြန်လှပေမယ့် ရေစုန်ကိုဆွဲသည့် အခါ စက်ယာဉ်တမျှ လျင်မြန်လွန်းလှသည်။

ကိုကျီးညိုနှင့် မနန်းအိမ်တို့သည် လှော်တက်များကို ခပ်သွက်သွက် အားစိုက်လှော်ကာ မျှောဘူးနောက်လိုက်လေ၏။ တစ်ခါ တစ်ခါ ရေအောက် ရှိ မျှောဘူးငါးမျှားတွင် ချိတ်မိနေသည့်ငါးသည် ပြေးလွှားရုန်းကန်ရလွန်း သဖြင့် မောသွားဟန်တူသည်။ မျှောဘူးသည် ရေပေါ်တွင်မပြေးတော့ချေ။ ရေစီးအလျင်ဆွဲသလောက်သာ မျောလေ၏။

မီလုလုဖြစ်နေသော မျှောဘူးငယ်ရှိရာသို့ သူတို့ ဇနီးမောင်နှံသည် လှေငယ်ကို အားစိုက်လှော်လိုက်ကြ၏။ သို့ရာတွင် လှေနှင့်မျှောဘူး သုံး လေးလံအကွာလောက်ရောက်မှ ရေအောက်ရှိငါးသည် တအား သွန်ပြေးပြန် သဖြင့် မျှောဘူးငယ်မှာ ရေပေါ်တွင် လျင်မြန်စွာ ပြေးပြန်လေသည်။

လှေငယ်နှင့် မျှောဘူး၊ မျှောဘူးနှင့် လှေငယ် လိုက်တမ်းပြေးတမ်း ကစားသလို အတော်ပင် ဝေးကွာသွားပြန်၏။ မနန်းအိမ်စိတ်ထဲတွင်မချင့် မရဲ ဖြစ်မိလေ၏။ ဇနီးမောင်နှံ နှစ်ဦးစလုံးအား သွန်ခွန်စိုက်၍ လှော်ကာ မျှောဘူးနောက် လိုက်ပြန်သည်။

mgyoe.com

mgyoe.com

ရေအောက်မှ ငါးသည် အဘယ်ပုံနေသည် မသိ။ သူတို့နှစ်ဦးစလုံး အတော်အတန် မောဟိုက်စပြုလာသည်။ သို့ရာတွင် စိတ်အားထက်သန်မှုက ရှိနေကြသဖြင့် မောရမှန်း ပန်းရမှန်း မသိကြပေ။ မျှောဘူးငါးမျှားတွင် မိနေသော ရေအောက်မှ ငါးကို ရလို မြင်လို တွေ့လိုဇောသန်နေကြ၏။ ဤလိုနှင့် လေးငါးကြိမ်ထက်မနည်း လှော်လိုက်ကြ လိုက်လိုက်ကြရပြီးမှ မျှောဘူးကို မိတော့၏။ ရေအောက်မှငါးသည် မောသွားဟန်တူ၏။ မျှောဘူးသည် မပြေးတော့ပေ။ ကိုကျီးညိုသည် လှေငယ်၏ အလယ်ဗဟိုကို ငါးမိုင်းသို့ ထိုင်ရာမထ ရွှေ့လာပြီး မျှောဘူး၏ငါးမျှားကြိုးကို လက်တစ်ဖက်မှ ကိုင်ကာ လက်တစ်ဖက်သည် လှေဝမ်းကပ်ပေါ်ရှိ ဆောင်ဓားကို ကောက်ကိုင်လိုက်၏။

သူသည် မျှောဘူး၏ငါးမျှားကြိုးကို ဆွဲကြည့်လိုက်၏။ ရေအောက်မှ ငါးသည် အတန်ငယ်သာ ရုန်းလေသည်။

"သိပ်အကောင်ကြီး မထင်ပါဘူးကွာ၊ အလွန်ဆုံး အချိန် တစ်ဆယ်လောက်ရှိမှာပဲ၊ ဒီဝဲပြန်ကွေ့ကဆိုရင်တော့ ငါးမြင်းရင်းနဲ့ တူတယ်"

မကြာမီ ကိုကျီးညိုသည် မျှောဘူးမှ ငါးမျှားကြိုးကို ခပ်မှန်မှန် ဆွဲစပြုလေသည်။ ငါးမျှားချိတ်တွင် မိနေသောငါးဦးခေါင်း ရေပေါ် ရောက်သည့်အခါ သူ၏လက်မှ ဆောင်ဓားနှင့် ငါး၏ကုပ်ပိုးကို ခပ်ဆတ်ဆတ်တစ်ချက် ခုတ်လိုက်၏။ ငါးသည် အတန်မျှသာ လူပ်ရှားလူးလွန့်နိုင်ပြီး ငြိမ်သက်သွားလေ၏။ လှေငယ်ပေါ်သို့ ဆွဲတင်လိုက်သည့်အခါ ကိုကျီးညိုမှန်းဆသည့်အတိုင်း အချိန်ရှစ်ပိဿာကျော်ရှိမည့် ငါးမြင်းရင်းတစ်ကောင်ဖြစ်၏။ မျှောဘူးနှင့် ငါးကို လှေပေါ် ဆွဲတင်ပြီးသည့်အခါ ရေကြောတွင် မျှောနေသည့် ပိုက်နောက်သို့ ဆက်လိုက်ကြရပြန်သည်။

"မနန်း ပိုက်သိမ်းပြီးရင် ရွှေဒဂ်ါးကျွန်းဘက် ခဏသွားအမော ဖြေကြပါဦးဆို့ကွာ"

ကိုကျီးညိုသည် ပိုက်ကိုလှေဝမ်းထဲ ဆွဲတင်နေရာမှ ပြောလိုက်၏။

"ကြည့်လေ... သူ့ဖြင့်ဒါပဲ၊ လူမောရပန်းရတဲ့အထဲ"

"အေးပါကွယ်... အမောပြေ နားကြရအောင်ပေါ့၊ ကျုပ်က အကောင်းပြောတာပါ"

"ကဲ... သဘော သဘော၊ ရှင့်သဘောတော်အတိုင်း"

mgyoe.com

mgyoe.com

မနန်းအိမ်က ခပ်နွဲ့နွဲ့ပြောလိုက်၏။ ကိုကျိုးညိုသည် ဇနီးသည် ပြောလိုက်ပုံကို သဘောကျသွားသလို တဟားဟားနှင့် ခပ်အုပ်အုပ်ရယ်မောကာ ရွှေဒဂုံကျွန်းသောင်ခြေကမ်းဆီသို့ လှေငယ်ကို လှော်စပြုလေသည်။

ရွှေဒဂုံကျွန်းသောင်ဦးသည် မြစ်လယ်သို့ ထိုးထွက်နေသည်။ ဤနေရာ ဤသောင်ယံထက်တွင် ရွှေဒဂုံကျွန်းရွာငယ်တည်ရှိနေပေမယ့် ရွာငယ်မှာ အတွင်းဘက် အတော်အလှမ်းဝေးသည့်နေရာတွင် တည်နေလေသည်။ သဲသောင်ကျွန်းဆွယ်မှာ ဧရာဝတီမြစ်တွင်းသို့ အငူစွန်းထိုးထွက်နေ၏။ ထိုနေရာတစ်ဝိုက်၌ ကျူပြင်ကိုင်းတောကြီးများသာ ကုန်းထက်တွင်ရှိ၍ စိုက်ခင်း၊ ပျိုးခင်း၊ ကြံခင်းဟူ၍ လုံးဝ မရှိ။ လူနေတဲအိမ်ဟူ၍ ကင်းမဲ့သည်။ ကိုကျိုးညိုသည် လှေငယ်သောင်ခြေကမ်းထက်သို့ လှော်တင်လိုက်၏။ သောင်ခြေသို့ လှေဦးထိုးမိသောအခါ မနန်းအိမ်သည် လှေငယ်ပေါ်မှ ဦးစွာ ဆင်းလိုက်၏။ နောက်မှ ကိုကျိုးညိုသည် လှေငယ်ပေါ်မှ ဆင်းသက်ပြီး လှေငယ်ကို သောင်ပေါ်သို့ ထပ်မံ ဆွဲတင်လိုက်၏။ လှေငယ်ကို စိတ်ချရသည့် အနေအထားရောက်မှ နှစ်ဦးစလုံး သောင်ခုံပေါ် တက်ခဲ့ကြလေသည်။

"မိးခြစ်နဲ့ ဆေးပေါ့လိပ်ပါရဲ့လားကွယ့်"

"ပါပါတယ် တော်ရေ့ တကတဲမှာပဲ"

ကိုကျိုးညိုသည် သူ့ဇနီးကို သဘောကျသလို တဟိဟိရယ်သွမ်းသွေးလိုက်၏။

"သူဖြင့် ဒါပဲ၊ လဲတောင် ဝင်သွားပြီ"

ရေစပ်နှင့် အတန်ငယ်ဝေး၍ ခပ်သွေ့သွေ့ ခပ်ခြောက်ခြောက်ဖြစ်နေသော ကျွန်းဦးသောင်၏ လေးတိုင်စင်တဲငယ်တစ်လုံး၌ ထိုင်မိကြသည့်အခါ မနန်းအိမ်သည် ချစ်လင်၏ကျောပြင်ကို အသာအယာ ထုရင်း ရှက်စနိုး ပြောလိုက်၏။

"ဖိုးလမင်းက ကျုပ်တို့နှစ်ယောက်ကို အလိုက်သိလို့ မျက်နှာလွှဲသွားတာပါကွာ၊ ဟင်း… ချစ်လိုက်တာ မိန်းမရာ"

"ကြည့်လေ… သူ့သိပ်ကို ကဲတာပဲ၊ သူများတွေ သိမှဖြင့် ရှက်စရာ"

mgyoe.com

"အိုကွယ်... မင်းနဲ့ကျုပ်နဲ့က လွဲပြီး ဒီအချိန် ဒီနေရာ ဘယ်သူမှ မလာပါဘူး စိတ်ချ"

မနန်းအိမ်၏စိတ်ဘဝင်ဝယ် နှစ်သိမ့်ခြင်း၊ ကြည်နူးခြင်း ဖြစ်မိသည်။ လှေငယ်ထဲတွင် ငါးသလောက်၊ ငါးမြင်းအုပ်ဖား ခုနစ်ပိဿာခန့်လောက်နှင့် ရှစ်ပိဿာကျော်ရှိ ငါးမြင်းရင်းကြီးတစ်ကောင် ရလေပြီ။ ဤမျှဆိုလျှင် ထိုညအဖို့ တွက်သားကိုက်၏။ ငါးရွဲငါးဒိုင်များထံ၌ ဖောက်သည်ဈေးပေး သွင်းရသည့်တိုင် ဤမျှသော ငါးအချိန်ဆိုလျှင် ငွေတစ်ဆယ်ကျော်ကျော် ခန့် ရှိမည်။ သည်လိုဆိုပြန်တော့ သူတို့၏ဘဝသည် တံငါဖလောင်းဖြစ်ရ ပေမယ့် ကြည်နူးစရာပင် ကောင်းလှသည်။ ဖြစ်ရာဘဝ၌ ပျော်မွေ့ရမည် သာ။

အကုသိုလ်အလုပ် အကုသိုလ်မှုဆိုသည်က ဤလိုတံငါရွာကလေးတွင် ပြောကောင်းဆိုကောင်းသော စကားမဟုတ်။

မနန်းအိမ်သည် ချစ်လင်ကို ကျောမှီရာမှ ထက်ဝေယံကို ခေါင်းမော့ ကြည့်မိသည်။ လမင်းစန္ဒာ ပျောက်ကွယ်သွားသည့်တိုင် စိန်ကြယ်ပွင့် ကလေးများသည် လက်လက်ကြွတောက်ပနေ၏။ နှစ်မြို့ဖွယ်ကောင်းလှသော ညဥ့်ပင်ဖြစ်၏။ လေညင်းသည် အတန်ငယ် ပြင်းထန်လာ၏ နှင်းမှုန်များ သည် ရီဝေနေဆဲ၊ မြစ်ပြင်မှ လှိုင်းလုံးငယ်များသည် သောင်ခြေကို တဖျပ် ဖျပ် ရိုက်ခတ်သည့် အသံမှအပ ဆိတ်သုန်းလှလေသည်။

ချစ်စဖွယ်လှပနေသော ဆောင်းဦးညဥ့်ဝယ် ချစ်စခင်စကြင်နာစ ဇနီးမောင်နှံတို့ကား ထက်အာကာမှ ကြယ်ရောင်မျှဖြင့် တစ်ယောက်ကို တစ်ယောက် ကြည့်မဝနိုင်ရှိကြသည်။ ပိုးတဝါးသာ မြင်စွမ်းရသောချစ် လင်၊ ချစ်ဇနီးတို့၏ မျက်နှာနှစ်ခုသည် အပြန်အလှန် ပီတိသုခ ရှိစေသည်။ သူတို့ နှစ်ဦးအဖို့ ဤကျွန်းသောင်ယံသည် ဖြစ်ရာဖြစ်ကြောင်းဘဝတာ၏။ ချစ်စခန်း ရိပ်သာ။ သို့မဟုတ် ဘူးခါးရေနှင့် ကြမ်းကြားလေ။ အမှန်ပင် ရွှေနန်းမြေနှင့် မလဲနိုင်ပါချေတကား။

O✧O

mgyoe.com

mgyoe.com

## (လေး)

စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့။

သမီးဦးလေး မြရင်ကို မွေးဖွားခဲ့သည့်နောက်ပိုင်း၌ မနန်းအိမ်သည် ယခင်ကလို လင်ယောကျ်ားနှင့်အတူ တွဲလျက် ပိုက်လှေဦးစီးအဖြစ် မလိုက်ပါ မကူညီနိုင်တော့ချေ။

သူသည် နေအိမ်တွင် ကလေးတစ်ဖက်နှင့် နေထိုင်ရကာ အိမ်မှုတာဝန်၊ ကလေးတာဝန်၊ ငါးရှာပိုက်ချသွားသော လင်ယောကျ်ား တာဝန်များကို လုပ်ကိုင်ရလေသည်။ ဤလို လုပ်ကိုင်ရသည့်စပ်ကြားမှ လောဘရှိသော မနန်းအိမ်သည် လက်ခစားနှင့် ပိုက်အငှားထိုးလေသည်။

သမီးကလေးတစ်ယောက် ရလာပြီမို့ ယခင်ကထက် အသုံးအစား စနစ်ဖယား ပိုမိုကျကာ ယခင်ကထက် ကျစ်လစ်စုစည်းလာသည်။ အိမ်ထောင်၏ တာဝန်ကိုလည်း မလစ်ဟင်းရအောင် အားစိုက်လုပ်ဆောင်လာသည်။ တစ်ညဥ့်တာလုံးလုံး မြစ်မင်းဧရာကြော်ဝယ် ပိုက်ချပိုက်မျှောသွားရရှာသူ လင်ယောကျ်ားဖြစ်သူအတွက် ပိုက်ကို ထမ်းကာ နေအိမ်ထက်ပြန်တက်လာသောအခါ၌ အမောပြေ၊ အပန်းပြေဖြစ်စေရန် လက်ဖက်ရည်အဖန်အိုး အဆင်သင့်၊ ထမင်းကြမ်းလှော် အဆင်သင့်ကိုလည်း တာဝန်ဝတ္တရား မပျက်ယွင်းအောင် မနန်းအိမ် လုပ်ဆောင်ထားလေသည်။

ဤလို နေထိုင်လုပ်ကိုင်ခဲ့ကြရာမှ သမီးအကြီးမြရင် သုံးနှစ်ကျော်အရွယ်ရောက်ခဲ့သည့်အခါ ဒုတိယမြောက် သမီးတစ်ယောက်ကို မနန်းအိမ်

mgyoe.com

mgyoe.com

မွေးပြန်လေသည်။ ဒုတိယမြောက် သမီးငယ်ကို ဇနီးမောင်နှံနှစ်ယောက် စလုံးက မြတင်ဟူ၍ အမည်ပေးခဲ့ကြလေသည်။

မြတင် ခြောက်နှစ်အရွယ် ရောက်သည်အထိ မနန်းအိမ်တွင် သားသမီး အတော် ဝေးသွားလေ၏။ နောက်ထပ်၍ပင် ကလေးမရတော့ပြီဟု ကိုကျီးညို ရော မနန်းအိမ်ပါ ယူဆမိကြလေသည်။ နောက်ထပ် ကိုယ်ဝန် မဆောင် သည်က အတော်ဝေးပေသည်။ ထိုကဲ့သို့ ကလေးနှစ်ယောက်ရလာသော အခါ၌လည်း မနန်းအိမ်မှာ ပိုက်ထိုးကွန်ထိုးအလုပ် အဆက်မပြတ် ဖိလုပ် လေသည်။

ကိုးနှစ်ကျော်လာသော မြရင်သည် သူ့အမေ မနန်းအိမ် ပိုက်ထိုးကွန် ထိုးနေသည့်အနီး၌ ထိုင်ကာ အုတ်စီထဲသို့ ပိုက်ချည်ကို ထည့်သွင်းပေးတတ် လာ၏။ ခြောက်နှစ်ရွယ်မြတင်မှာ မိခင်နှင့် အစ်မဖြစ်သူအနီးတွင် ဆော့ ကစားနေလေပြီ။

မနန်းအိမ်သည် သူ၏အိမ်ထောင်ရေးနှင့် သားသမီးရေးကို ဘယ်လို မှ စိတ်မအေး စိတ်မဖြောင့်နိုင်ရှာပေ။ လင်ယောကျ်ားဘက်ကရော သူ့ဘက် ကပါ ဆွေရယ်မျိုးရယ် ဟုတ်ဟုတ်ငြားငြား မရှိရှာသောကြောင့် ဤအိမ် ထောင်ရေး ဤကလေးနှစ်ယောက်တို့ဖြင့် စားရမဲ့မဲ့ သောက်ရမဲ့မဲ့ ဖြစ် လေမည်ကို မနန်းအိမ် တွေးပူမိလေ၏။ မနန်းအိမ်၏နည်းတူပင် လင် ယောကျ်ားဖြစ်သူ ကိုကျီးညိုမှာလည်း သမီးနှစ်ယောက်ရလာပြီမို့ လုံ့လဝီရိယ ပိုရှိလာသည်။

တစ်ညဥ့်လုံး ပိုက်ချပြီး၍ နံနက်ဝေလီဝေလင်း အိမ်ပြန်ရောက်သည့် အခါ ဇနီးသည် အဆင်သင့်ပြုလုပ်ထားသော အစားအစာကို စားသောက်ပြီး နောက် တစ်ရေးတစ်မော အိပ်လေသည်။ မွန်းတိမ်းချိန်ဆိုလျှင် ကိုကျီးညို အိပ်ရာမှ ထလေသည်။ ကလေး တာဝန်အိမ်မှုရေးတာဝန်တွေကို ကူညီတန် သရွေ့ ကူညီလုပ်ပေးလေသည်။ နံနက်ထမင်းစားပြီးသော် နေ့လယ်နေ့ခင်း ပိုက်တစ်ခေါက် နှစ်ခေါက်ဆင်း ပြန်သည်။

တံငါတို့၏ ဝမ်းစာပုတ်ကြီးနှင့်တူသော မြစ်ကြီးနဒီသည် ဤလိုဆင်း သက်သွားပြန်က အနည်းနှင့်အများ သူတို့၏ ဝမ်းစာကို ဖြည့်တင်းပေးလိုက် သည်တော့ ဖြစ်၏။ ကိုကျီးညိုက ဤလိုနေ့ဘက်များတွင် အပင်ပန်းခံကာ နှစ်ခေါက် သုံးခေါက် ဆင်းလိုက်၍ ရရှိခဲ့သည့်ငါးမှာ သူတို့ မိသားစု၏

———

mgyoe.com

တစ်နေ့တွက် စားစရိတ်ကို အတော်အတန် ကာမိနိုင်၏။ ငါးဒိုင်ငါးရှဲထံ နံနက်တိုင်းပေးသွင်းခဲ့သည့် ငါးများအတွက် ခုနစ်ရက်တစ်ပတ် တစ်ကြိမ်ကျ ငွေရှင်းကာ အခြားသောလိုအပ်ရာရာ အဝတ်အထည်ကလေးများ တောက်တိုမယ်ရ ပစ္စည်းကလေးများ ဝယ်တန်ဝယ်၍ စုဆောင်းတန်သည်ကို မနန်းအိမ် စုဆောင်းလေသည်။

ဤလိုလုပ်နိုင်ကိုင်နိုင်လေ တစ်အိမ်ထောင်၏ ထမင်းတစ်ဝမ်း ဝဝလင်လင် စားကြရသောအခါ၌ သူတို့၏ဘဝက ကြောင့်ကြမဲ့ရှိ ကြရသည်။

"တစ်နေ့တလေ အိပ်ရေးဝတယ်ရှိအောင် နားပါဦးလား ကိုညို ရယ်"

မနန်းအိမ်သည် ငါးသလောက်ပိုက်ထိုးနေရာမှ ရေဆိပ်ဆင်းရန်ဟန် ပြင်နေသော ချစ်လင်ကိုပြောလိုက်၏။

"အိုကွယ်... အိပ်ရေးဝပါတယ်၊ ကျုပ်အတွက် ဒါလောက် ကြောင့်ကြမနေစမ်းပါနဲ့ကွာ၊ မင်းလည်း သိပ်အညောင်းမခံနဲ့ မနန်း၊ အညောင်းမိပြီး တော်ကြာ လဲနေဦးမယ်"

လင်ယောက်ျားဖြစ်သူ ကိုကျီးညိုသည် အညောင်းထိုင်လွန်းသောဇနီးအတွက် စိုးရိမ်ပူပန်မှုဖြင့် ပြောလိုက်၏။ နှစ်ဦးစလုံးသည်တစ်ဦး၏ အပင်ပန်းခံမှုကို တစ်ဦး မကြည့်ရက်ကြ၊ တစ်ဦးကို တစ်ဦး သက်ညှာကြသည်။ ကိုကျီးညိုသည် ဇနီးသည်ကို ဤအကြိမ် ဤအခါ၌သာ သည်စကားမျိုး ပြောသည်မဟုတ် မနန်းအိမ် ထိုင်ရာမထ ပိုက်ထိုးကွန်ထိုး လုပ်နေတိုင်း ထိုစကားမျိုး ပြောတတ်၏။

"ကျွန်မအလုပ်က နေရိပ်ထဲမှာ အိပ်ရေးပျက်တာလည်း မဟုတ်ပါဘူး၊ ကိုညိုအလုပ်ကသာ ညလည်း အိပ်ရေးပျက်၊ နေ့လည်း နေကပူပါဘိနဲ့ တော်ကြာ ဖျားနာဖြစ်ပါ့မယ်၊ ညဘက်လည်း ငါးအရသားပဲဟာ"

"မပူပါနဲ့ကွာ... ကျုပ် ဒါလောက်တော့ အပင်ပန်းအဆင်းရဲ ခံနိုင်ပါတယ်၊ ကျုပ်တို့မှာ သမီးလေးနှစ်ယောက်လည်း ရှိနေပြီ မဟုတ်လားကွယ့်၊ ခုလို ရတုန်းရခိုက် နည်းနည်းတော့ အပင်ပန်းခံရမှာပဲ မနန်း"

ကိုကျီးညိုသည် ထိုစကားကို ပြောကာ ဇနီးသည်နှင့် သမီးငယ် နှစ်ယောက်ကို ပြုံးပြုံးကြီး ကြည့်ပြီးနောက် ပိုက်နှင့်လှော်တက်ကို ယူငင်ကာ ရေဆိပ်သို့ ဆင်းသက်သွားလေ၏။

mgyoe.com

ကာလအတန်ကြာသည်အထိ ဤလိုပင်အချိန်များကို ကုန်ဆုံးစေခဲ့လေသည်။ သူတို့ဇနီးမောင်နှံသည် လက်ညီတက်ညီပင် စီးပွားရေးနှင့်ဖမ်းစာရေးကို ရှာမှီးခဲ့ကြ၏။ ထိုသို့ နေထိုင်လုပ်ကိုင်ခဲ့ကြရာမှ သူတို့မမျှော်လင့်သော အကြောင်းတစ်ရပ်သည် သူတို့ထံ ဝင်ရောက်လာပြန်သည်။

သမီးကြီးမြရင် ဆယ့်တစ်နှစ် အရွယ်အရောက်တွင် မနန်းအိမ်၌ တတိယမြောက်ဖြစ်သော ကိုယ်ဝန်ကို ဆောင်ခဲ့ရပြန်သည်။ ကိုကျီးညိုမှာ ဇနီးသည် ကိုယ်ဝန်ရှိစဉ်ကပင် သည်တစ်ကြိမ် သားယောကျ်ားလေး မွေးပါစေဟု ဆုတောင်းမိသည်။ သမီးမိန်းကလေးနှစ်ယောက်မှာ မိခင်အတွက် ကူဖော်ကူဖက်ရတန်သလောက် ရှိနေသည်ကို မြင်ရသောအခါ သူ့အဖို့ အထောက်အကူရရှိစေမည့် သားယောကျ်ားကို လိုချင်မိလေသည်။

"မနန်းရယ်... ဒီတစ်ခါတော့ သားယောကျ်ားလေး မွေးပေးစမ်းပါကွာ၊ ဒါမှ ကျုပ်ကို အကူအညီရမှာကွယ့်"

ပိုက်သိမ်းလာတိုင်းအခါများ၌သော်လည်းကောင်း၊ ပိုက်ချပိုက်ဆင်းမည့်အခါများ၌သော်လည်း ကိုကျီးညိုသည် ဇနီးသည်၏ ကိုယ်ဝန်ကို ကြည့်လျက် ခပ်တည်တည် ပြောတတ်လေသည်။ သားယောကျ်ားကို ကိုကျီးညို လိုချင်တပ်မက်သည်မှာ အမှန်ပင်ဖြစ်၏။ ဇနီးသည် မီးဖွားချိန်၌ "သားယောကျ်ားဖြစ်ဟ"ဟုဆိုလို့များ သားယောကျ်ားမွေးဖွားလေမည်ဆိုပါက ဤစကားကို သူဆိုလိမ့်မည် ဖြစ်၏။ သည်တစ်ကြိမ်တော့ ကိုကျီးညိုမှာ မရူးစဖူး သားရူး ရူးမိလေသည်။

"ဒီကိစ္စက ကျွန်မတတ်နိုင်တဲ့ ကိစ္စမို့လား ကိုညိုရယ်၊ ကျွန်မလည်း ဆုတောင်းသားပဲ၊ ဒီတစ်ခါ ရှင်လိုချင်တဲ့အတိုင်းဖြစ်ပါစေလို့"

မနန်းအိမ်ကိုယ်တိုင်ကပင် သားယောကျ်ားကို အလွန်တရာမှ လိုချင်နေပေသည်။ သူ့အနေနှင့် သားယောကျ်ားလေးလိုချင်သောဆန္ဒမှာ ကိုကျီးညို ဆန္ဒထက် မလျော့ပေ။ မနန်းအိမ်တွင် ကြီးမားသောရည်ရွယ်ချက်နှင့် ကြီးမားသော မျှော်လင့်ထားချက်တစ်ခု ရှိ၏။ ဒါပေမဲ့ မနန်းအိမ်သည် သားယောကျ်ားလေးတစ်ယောက် လိုချင်ကြောင်းလောက်သာ စကား ဆို၏။ အဘယ်သို့သော ရည်ရွယ်မျှော်ကိုးချက်ဖြင့် သားယောကျ်ားကို တောင့်တမိကြောင်း အဘယ်ပုံ အဘယ်နည်း သူ့တွင် ဆန္ဒရှိကြောင်း မဖွင့်ဟခဲ့ပေ။

mgyoe.com

mgyoe.com

သူ၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်ကို ချစ်လင်အားဖွင့်ထုတ် ပြောကြားပြီးကာမှ သားယောကျ်ားမမွေးဘဲ သမီးမိန်းကလေးကို မွေးဖွားခဲ့လျှင်လင်သည်ခမျာ စိတ်မချမ်းမသာ ဖြစ်ရှာလေမည်ကို မနန်းအိမ် တွေးပူမိသည်။ ဤလိုအတွေး အတောဝင်မိသောကြောင့် သူ၏ ရည်မှန်းချက်ကြီးမားမှုကို ဖွင့်ဟမပြောကြား ဘဲနေခဲ့ခြင်း ဖြစ်၏။

တစ်နေ့တစ်ရက် တစ်နာရီ မနားဆိုသလို သားဖမ်း၊ ငါးဖမ်းသားရှာ ငါးရှာ လုပ်ငန်းကို လုပ်ကိုင်လာရသည့်အခါ၌ မနန်းအိမ်သည် တစိမ့်စိမ့် အတွေးပေါက်လျက် နောင်သံသရာဘေးအတွက် ရင်လေးကြောက်ရွံ့မိ၏။ နေထွက်မှနေဝင် နေဝင်မှနေထွက် အကုသိုလ်မှု၌သာ အချိန်ကုန်ခဲ့ရခြင်း၊ လောဘ၊ ဒေါသ၊ မောဟ လွှမ်းနေခြင်းတို့ကို မကြာခဏ မနန်းအိမ် တွေးလာမိ၊ မြင်လာမိသည်။ ဤလိုထင်မြင်မိသည့်အခါ၌ သူ၏စိတ်သည် ညှိုးချုံးဗျာပွေခဲ့ရလေသည်။

သူတို့ဇနီးမောင်နှံ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ သည်ဘဝ သည်ကိုယ် စံ၍ သံသရာတွင် အဘယ်မျှ ခံရလေမည်ဆိုသောအဖြစ်ကို တွေးတောကြောက်ရွံ့လာ၏။ မိုးဆတ်ခနဲလင်း၍ တစ်ရွာလုံးကို ကြည့် လိုက်ပါကလည်း အနှိုင်းအဆမရှိသော အကုသိုလ်တွေသာ ဖုံးလွှမ်းနေပါက လားဟု ထင်မြင်လာ၏။ လူ့ဘဝဆိုသည်မှာ ကုသိုလ် အကုသိုလ်ရောယှက် နေသည်ဆိုပေမယ့် သူတို့တစ်တွေသည် ဘုရားကိုသော်မျှ ကျယ်ကျယ်မရှိ ခိုးဝှံ၊ ရုန့်ရင်းခက်ထန်သော အကုသိုလ်မှုတွေနှင့်သာ ဗလုံးဗထွေးဖြစ်နေရ သည်ကို တွေးမိတိုင်း မြင်မိတိုင်း ရင်နင့်ရင်နာ ဖြစ်မိသည်။

ညဥ့်အခါများ၌ မနန်းအိမ်သည် ယခင်ကလို နှစ်နှစ်ခြိုက်ခြိုက် အိပ် မပျော်တော့ပေ။ သူ့ဝမ်းတွင်းရှိကိုယ်ဝန်သည် တဆတ်ဆတ် လှုပ်ရှားတိုးဝှေ့ သည်ကတစ်ကြောင်း၊ သွေးလေချောက်ချားမှု ဥပါဒါန်စွဲကပ်မှုကြောင့် ငရဲ ဘုံ၊ ငရဲခန်းတို့၏ အိပ်မက်ယာမက်များက ခြောက်လှန့်ဖမ်းစားလှသည် တစ်ကြောင်း ထို့ကြောင့် ထိတ်လန့်တုန်လှုပ်ခြင်းဖြင့် ခပ်မြန်မြန် မိုးစင် စင်လင်းပါစေတော့ဟု ဆုတောင်းခြင်း ပြုမိလေသည်။

လင်ယောကျ်ားခမျာ ဇနီးသည်၏ ဖြစ်ရပ်မှန်ကို တပ်အပ် သေချာမသိ ရှာသောကြောင့် "မနန်း... ဒီတစ်ခါ ကိုယ်ဝန်ရှိတာ သိပ်ပိန်တယ်ကွယ်

mgyoe.com

mgyoe.com


ပိုက်မထိုးနဲ့နော်၊ အညှောင်းမထိုင်နဲ့တော့ ကျုပ် ရှာစာဖွေစာနဲ့ပဲ ဒီပါးစပ်ပေါက် စားလောက်ပါတယ်ကွယ်” ဟု ပြောရှာလေသည်။

စိတ်ဆင်းရဲမှုသည် မနန်းအိမ်ကို ဆွဲယူပစ်လိုက်သလို အတော်ပင်ညှိုးချုံးသွား၏။ သူသည် ပိုက်ထိုးကွန်ထိုးအလုပ်ကို တတိယမြောက်ကိုယ်ဝန်ဆောင်စကပင် လုံးဝ စွန့်လွှတ်လိုက်လေပြီ။ တစ်နေ့မပြတ် တစ်ရက်မခြား လောဘတရားဖုံးလွှမ်းကာ သူထိုးလာသော ပိုက်များ၊ ကွန်များသည် အဘယ်မျှ များပြားလေပြီနည်း။ ထိုမျှများပြားနေသော ပိုက်တွေ၊ ကွန်တွေ မပျက်မယွင်းသမျှ ရတိုင်း ရတိုင်း သားငါးသတ္တဝါတို့ အသေချေ အနန္တအသက်တွေ သေကြေဆုံးပါးရမှုတွင် သူ့အပြစ်၊ သူ့စွမ်းဆောင်မှုပါရှိနေပါပေါ့ကလား...ဟု တွေးလိုက်မိတိုင်း နာကျင်သည့် ဝေဒနာကိုသူ့ရင်တွင် ခံစားနေရလေသည်။

သို့ရာတွင် တစ်ခုခက်သည်မှာ ဤလို အကုသိုလ်တံငါမှုကို ကြောက်ရွံ့လှချည်ရဲ့ဆိုပြီး အခြားသောလုပ်ငန်းတစ်ခုခုကို ချက်ချင်း လက်ငင်းကူးပြောင်းလုပ်ကိုင်ရန် စိတ်ရှိသလောက် စိတ်မှန်းသလောက် မလွယ်ကူခြင်းပင် ဖြစ်၏။

မနန်းအိမ် စားမဝင် အိပ်မပျော်တော့ပေ။

ရည်ရွယ်ချက်ကား ကြီးမားလေသည်။ သူ့ရည်ရွယ်ချက်မှာ တံငါရွာကလေးတွင် အနူတောလူချောဆိုသော ရည်ရွယ်ချက်မျိုး ဖြစ်နေသည်။ တတိယမြောက်ကိုယ်ဝန်ကို မွေးဖွားပြီးပါက သူတို့တွင်ရှိနေသော ရွှေတိုရွှေစကလေးများနှင့် တံငါလုပ်ငန်း၏ရှိ ပစ္စည်းတွေကို အပြီးအစီး ရောင်းချထုခွဲကာ အိမ်ဆိုင်ကလေးတစ်ဆိုင် တည်မည်ဟု စိတ်ကူးထားလေသည်။ ဤလိုအရောင်းအဝယ် အိမ်ဆိုင်ကလေးတည်ပြီးနောက် မွေးဖွားလာသောသားကလေးမှာ သူ မျှော်လင့်သည့်အတိုင်း သားယောက်ျားလေးဖြစ်ဘိမူအချိန်တန် အရွယ်ရောက်သောအခါ၌ သူတို့ဇနီးမောင်နှံ ပြုခဲ့သမျှသောအကုသိုလ်မှုတို့ကို ပပျောက်စင်ကြယ်စေရေးအတွက် အပါယ်တံခါး ပိတ်စေရန် သာသနာ့ဘောင်သို့ သွတ်သွင်းခြင်း ပြုမည်ဟု ရည်ရွယ်ကြံဆထားလေသည်။

လူတစ်ယောက်အနေနှင့် အကုသိုလ်မှုတွေကို ပြုလုပ်ပြီးနောက် နောင်တသံဝေရရှိလေသည့် အချိန်အခါမျိုးဝယ် ထိုပြုမှားခဲ့သော အကုသိုလ်မှု

mgyoe.com

ကို ကုစားဆေးကြောနိုင်ရန် နည်းလမ်းရှာကြံတွေးဆတတ်သည်မှာ ဓမ္မတာ သဘောပင်ဖြစ်၏။

မနန်းအိမ်သည် ရင်နာစရာကောင်းသော သူ၏အကုသိုလ် အညစ်အကြေးကို သည်လိုပင် ဆေးကြောသုတ်သင်ရန် စိတ်ဇောသန်နေမိပေသည်။

○✧○

လမိုက်ညဥ့်ဖြစ်၏။

ဆောင်းလယ်ရာသီ၏ လမိုက်ညဥ့်သည်အခါတိုင်းညဥ့်များထက် ပို၍ အေးလှသည်။ အရုဏ်ဦးကြက်များပင် တွန်ကျူးလာသည် အချိန်ထိ မနန်းအိမ် တစ်မှေးတစ်ရေးမျှ အိပ်မပျော်ပေ။ အရုဏ်ဘက်သို့ ကူးပြောင်းရောက်ခဲ့သည့်အချိန်၌ပင် အအေးဓာတ်သည် တစိမ့်စိမ့်တိုးသည်ထက် တိုးလာသည်။ ရိုးတွင်းချဉ်ဆီခိုက်သော တစိမ့်စိမ့်အအေး ဖြစ်၏။

ကိုယ်ဝန်အရင့်အမာနှင့် မွေးတော့ဖွားတော့ရန် ရက်ပိုင်းလောက်သာ လိုတော့သည့် မနန်းအိမ်သည် ထိုညဥ့် တစ်ညဥ့်လုံး အိပ်စက်မရဘဲဖြစ်နေလေ၏။ လွန်ခဲ့သော ညဥ့်များကလည်း ထိုနည်းနှင်နှင် အိပ်စက် မရရှိခဲ့လေသည်။ အိပ်မပျော်နိုင်သည့်အခါ ရောက်တတ်ရာရာအတွေးများ သူ့ခေါင်းထဲ ဝင်ရောက်လာ၏။ အိပ်မပျော်၍ အတွေးရောက်၊ အတွေးရောက်၍ အိပ်မပျော် ချာချာလည် နေလေသည်။

အိပ်မပျော်သည့်အခါ ရေနံမီးတိုင်အနီး ထိုင်ရင်း တစ်လိပ်ကုန်တစ်လိပ် သောက်ခြင်းဖြင့် ဆေးလိပ်တိုဖင်စီခံများသည် ပြာခံမြေခွက်တွင် စုပုံနေ၏။ မနန်းအိမ်သည် မြစ်တွင်းဆီသို့ ကြိမ်ဖန်များစွာ နားစွင့်မိ၏။ အိမ်ငယ်သည် မြစ်ကမ်းနဖူးနှင့် မကွာဝေးပေ။ ကမ်းခြေအနီးသို့ကပ်ခါ လှော်ခတ်သွားသော လှေငယ်တက်ဆင်းများ၏ လှော်သံခတ်သံခတ်ကွင်းမြည်သံကို လေသင့်သော် ကြားရသည်။ ညဥ့်သည် ရှည်လျားလှသည်ဟု မနန်းအိမ် ထင်မိ၏။ အိပ်မပျော်သူတို့ ဓမ္မတာပင်။ ရှည်သောညဥ့်ယံကို ငြီးငွေ့မိ၏။ နှင်းရည်နှင်းပေါက်များသည် အိမ်ခေါင်းရင်းနှင့် အိမ်ဘေးရှိ သရက်ပင်၊ ပိန္နဲပင်အကိုင်းအရွက်တို့မှတစ်ဆင့် ခေါင်မိုးပေါ်သို့ တဖျောက်ဖျောက် တပေါက်ပေါက် ကျဆင်းနေ၏။

mgyoe.com

ဤအသံကို နားတွင်ကြားနေကာမှ အတွေးအတောပေါင်း မြောက်မြားစွာသည် ဝေးကွာကျယ်ပြောသည့်နယ်ပယ်များသို့ သူ့ကို ခေါ်ဆောင်သွားပြန်သည်။ ထိုမှုချမ်းအေးလှသော ဆောင်းရာသီ ညဥ့်ကာလဝယ် ဆီးနှင်းမုန်တိုင်းတွင်း၌ တစ်ယောက်ထီးထီး ပိုက်ချ ပိုက်မျှော သွားရှရာသော လင်ယောကျ်ား၊ လက်ရှိမွေးထား ပြီးဖြစ်သော သမီးလေးနှစ်ယောက် နောက်ထပ် မွေးတော့မည့် ပငိုသန္ဓေအရင့်အမာ၊ သူတို့၏အသက်မွေးမှုဖြစ်သော အကုသိုလ် တံငါလုပ်ငန်း...။

သည်တစ်ကြိမ်၌မူ မနန်းအိမ် ကိုယ်တိုင်ပင် သူသည်သားလောင်းမိခင် တစ်ဦးဖြစ်ပေလိမ့်မည်ဟု မျှော်လင့်ချက်ထားမိ၏။ သူ့ကိုယ်တွင်တင်ရှိနေသော အကုသိုလ် ဒုစရိုက်မှုများကိုလည်း ထိုကိုယ်ဝန်ကပင် ဖြေရှင်းပေးနိုင်လိမ့်မည်ဟု ယုံကြည်စွဲမြဲနေသည်။ နောက်တစ်ကြောင်းအားဖြင့်လည်း သူတို့တွင် တင်ရှိနေသော အကုသိုလ်တွေကို ကြွေးမြီပေးဆပ်သလို ကုသိုလ်ပြုခြင်းဖြင့် ကြေလည်ပြေပျောက်သွားအံ့ဟု ယူဆထားမိပေသည်။

"ဘုရားသိကြား မလို့ သားယောကျ်ားလေး မွေးပါစေ"

မနန်းအိမ်သည် ဝေးလံသောအတွေးခရီးကို အဆုံးသတ် ရပ်နားလိုက်တိုင်း၊ ဤလိုပင် တီးတိုးညင်သာစွာ ဆုတောင်းမိရှာသည်။

နှင်းရည်နှင်းပေါက်တို့သည် ဓနိမိုးပေါ်သို့ တဖျောက်ဖျောက် တရှူရှူ ကျဆင်းနေဆဲရှိ၏။ ညဥ့်ကား တိတ်ဆိတ်ငြိမ်သက်လှ၏။ ရွာကလေးတစ်ရွာလုံး တုတ်တုတ်သံမျှ မကြားရ။ မနန်းအိမ်သည် မြစ်တွင်းဆီသို့ နားစွင့်ပြန်သည်။ မြစ်မင်းရောမှာလည်း ချမ်းရှာလေသလား မပြောတတ် တိတ်ဆိတ်ခြင်း ကြီးမားလှ၏။

သူသည် ခဏခေတ္တ လဲလျောင်းရန် ရေနံမီးတိုင်ကို ငြိမ်းသတ်လိုက်၏။ အရဏ်ပေါ်မှပင် သမီးကြီးမြရင်ကို နှိုး၍ ရေနွေးအိုး အတည်ခိုင်းမည်ဟု စိတ်ကူးလိုက်၏။ သို့နှင့် အိပ်ရာခေါင်းအုံးထက် ခေါင်းချလိုက်မိသည့် အခိုက် မြစ်ဆီမှ ဆူဆူညံညံ အသံတွေလိုလို ကြားလိုက်ရသည်။

သူသည် ဦးခေါင်းထောင်ကာ မြစ်တွင်းဆီသို့ နားစွင့်လိုက်၏။

လူသံများသည် ကျယ်ကျယ်လောင်လောင်ပင် ကြားလိုက်ရ၏။ တစ်ဖန် တလက်လက် ပေါ်လာသော မီးရောင်တစ်ခုကို မြင်ရသလိုလို ရှိပြန်သည်။

mgyoe.com

mgyoe.com


မြစ်ကမ်းနှင့်နီးသော အိမ်ငယ်များရှိရာမှ မီးခွက်မီးတိုင် အလင်းရောင်များနှင့် ပွက်ပွက်ညံလာသော လူသံတွေကို ဆက်ခါ ဆက်ခါ မြင်ရကြားရလေ၏။ သူသည် အိပ်ရာမှ လူးလဲထကာ နေအိမ်တံခါးပေါက်ရှိရာသို့ ခပ်သွက်သွက် လျှောက်ခဲ့မိ၏။

မသဲကွဲသောအသံဗလံများသည် တံငါတို့၏လှေဆိပ်တစ်ခုလုံး စီစီညံနေလေ၏။ မကြာမီ ဟစ်အော်ခေါ်ငင်သံတွေ ရေဆိပ်သို့ အပြေးအလွှား တဖားဖား ဆင်းသွားသည့် ခြေသံတွေ၊ မိန်းမယောကျ်ားသံတွေကို ဆက်၍ဆက်၍ ကြားလိုက်ရလေသည်။

"ဘုရား... ဘုရား... ဘာတွေများ ဖြစ်ကုန်ကြလို့ပါလိမ့်"

မနန်းအိမ်သည် တံခါးပေါက်အနီးတွင် မှင်တက်မိသလို ရပ်နေမိ၏။ သူ့တစ်ကိုယ်လုံးသည် ထိတ်လန့်တုန်လှုပ်ခြင်းပြင်းနေသည်မှလွဲ၍ ဘာလုပ်ရမှန်းမသိ ကျောက်ရုပ်ကြီးလို ငြိမ်သက်နေမိ၏။

ယခင်အခါများတုန်းကသာဆိုပါလျှင် ဤလိုမီးတိုင်မီးအုပ်တွေနှင့် ဆူဆူညံညံ လူသံတွေကို မြစ်တွင်းမှကြားခဲ့သော် သူသည် ဆုတောင်းမှုနှစ်ခုကို ပြုမိမည်တော့ဖြစ်၏။

"ငါးမြင်းရင်းအချိန် သုံးလေးဆယ်ကောင် ဟပ်ပါစေတော်၊ ငါးဟပ်တဲ့မျှောဘူးဟာ အိမ်ကလူမျှောဘူးဖြစ်ပါစေ"

ထိုဆုတောင်းမှုနှစ်ခုကို မနန်းအိမ် ပြုမိပေမည်။ ယခု သူသည် ဤလိုအကုသိုလ်အားပေးသည့် ဆုတောင်းမှု တမ်းတမှုကို မပြုလိုတော့ပါပေ။ သူ့ကံအတိုင်းပင် ရှိစေတော့။

သို့တစေ ဤလို ဆုမတောင်းမိပေမယ့် စိတ်ပူပန်စရာ အတွေးအတောတစ်ခုသည် မနန်းအိမ်ခေါင်းထဲသို့ ရုတ်ခြည်းဝင်လာသည်။ "အချင်းချင်းတွေဘာများ ဖြစ်ကြလို့ပါလိမ့်" ဤအတွေး သူ့ခေါင်းထဲ ဝင်ရောက်လာသည်နှင့် တစ်ပြိုင်တည်း တစ်ကိုယ်လုံး ထူထူပူပူ ဖြစ်သွားမိသည်။

သူတို့ ပိုက်လှေသမားတွေသည် တစ်ခါ တစ်ခါ ဘာမဟုတ်သောအကြောင်းအချက်ကလေးမျှလောက်ကို ယိုးမယ်ဖွဲ့လျက် စကားများရန်မီးပွားတတ်ကြသည်။ ဤလို ရန်မီးပွားတတ်ကြသည့်အခါများ၌ တော်ရုံသဖြင့် မဟုတ်ကြပေ။ တုတ်တစ်ပျက် ဓားတစ်ပြက် ဖြစ်တတ်ကြသည်။ ငါးရှာပိုက်ချသွားရာ၌ လှေငယ်အတွင်း ဆောင်ဓား (သို့မဟုတ်) လှံတံတို့

mgyoe.com

နှစ်ခွမိုန်း စသည်များကို ညဥ့်ရေး ညဥ့်တာနှင့် မျှောဘူးတွင် ငါးကြီးသား ကြီးများ ဟပ်မိသည့်အခါ၌ လိုအပ်သလို အသုံးချရန် ယူဆောင်သွားကြရသည်။ ထိုလက်နက်များသည် ခိုက်ရန်ဒေါသဖြစ်ပွားသောအခါမျိုး၌ တစ်ဦးကိုတစ်ဦး ထိုးခုတ်သတ်ဖြတ်ရန် အသုံးချအသုံးပြုသည့် လူသတ်လက်နက်များ ဖြစ်ကုန်ကြလေသည်။

နဂိုကပင် ဓလေ့စရိုက်ကြမ်းကြမ်း မိုက်တိမိုက်ကန်းဖြစ်သူက များလေရာ ဤလိုရန်သတ္တရုဖြစ်ကြမှုများ၌ကား သူသေသေ၊ ကိုယ်သေသေစိတ်ထားဖြင့် အနိုင်းအဆမရှိ သွေးချင်းချင်း ရဲအောင် ခုတ်ထစ်သတ်ဖြတ်ကြစမြဲဖြစ်၏။

မြစ်ဆိပ်မှလူသံတွေသည် တစ်စထက်တစ်စ ပိုမို ကျယ်လောင်လာ၏။ လှေဆိပ်နှင့် နီးနားသော နေအိမ်များမှ လူတွေအားလုံး နိုးကုန်ပြီဟုထင်ရ၏။ သူသည် မသဲကွဲသောအသံများကို ထပ်မံနား စွင့်လိုက်ပြန်သည်။

"သူကြီးအိမ်ကို သွားဗျု သူကြီးအိမ်ကို၊ ဒီကိစ္စ သူကြီး သွားပြောမှ ဖြစ်တော့မပေါ့၊ သေသလား ရှင်သလားမှ မသိတာ"

နှလုံးတုန် ရင်ခုန်စရာကောင်းလှသော ယောကျ်ားတစ်ဦး၏ အော်ပြောလိုက်သံသည် မနန်းအိမ်နားတွင်းသို့ ပြတ်ပြတ်သားသား ဝင်ရောက်လာ၏။

"ကျုပ်တို့က သူ့လှေမတွေ့လို့ လိုက်ရှာတော့ ရင်ဝလှံကြီး တန်းလန်းနဲ့ သောင်ခုံပေါ်မယ်..."

မနန်းအိမ်သည် ထိုအသံကို ထပ်မံ ကြားလိုက်သည့်အခါတွင် ဆက်လက် ရပ်မနေနိုင်ချေ။ နေအိမ်တံခါးမင်းတုန်းကို မ ဖွင့်ရင်းမှ သမီးကြီးမြရင်ကို အော်နှိုးလိုက်သည်။

"ဟဲ့... မြရင်... မြရင်... ဟဲ့ မြရင်... ထစမ်း... ထစမ်း၊ ခပ်မြန်မြန်ထစမ်း"

နိုးနေပြီဖြစ်သော မြရင်သည် သူ့အမေ ရှိရာသို့ ကမန်းကတန်း ပြေးထွက်လာသည်။

"အမေ... ဘာဖြစ်တာလဲဟင်၊ ကမ်းနားကလဲ ဆူဆူညံညံ ကြားရတယ်၊ ဘာဖြစ်လို့လဲဟင်"

mgyoe.com

mgyoe.com

"အေး... ဘာဖြစ်တာလဲ မသိဘူး၊ မီးခွက် သွားထွန်းစမ်း၊ ခပ်မြန်မြန်"

မြရင်အိမ်ခန်းထဲသို့ ပြန်ဝင်သွားသည့်အခါ မနန်းအိမ်သည် တံခါးကို ဖွင့်လျက် အိမ်ပြင်သို့ ထွက်လိုက်၏။ အပြင်တွင် နှင်းထုသည် ပိန်းပိတ်စွာပဲ ဖုံးလွှမ်းနေ၏။ နေအိမ်တံစက်မြိတ်နှင့် အိမ်ရှေ့ သရက်ပင်ထက်မှ ဆီးနှင်းပေါက်များသည် မနန်းအိမ်ကိုယ်ပေါ်သို့ တဖြိုက်ဖြိုက်ကျဆင်းလေ၏။

မကြာမီ မြရင်သည် မီးတိုင်ကို ထွန်းညှိပြီး သူ့အမေရှိရာသို့ ယူထွက်လာ၏။

"နိုးနေပြီလားဟဲ့ နန်းအိမ်"

တစ်ဖက်ဆီမှ အရိုးကြော့၏မေးသံကို သူ ကြားလိုက်ရသည်။

"ဟုတ်ကဲ့... နိုးနေတာကြာပါပြီ အရိုးလေးရဲ့၊ မြစ်ဆိပ်က ဆူဆူဆူဆူကြားလို့ နားစွင့်နေတာ၊ ဘာတွေဖြစ်ကြသလဲလို့"

မနန်းအိမ်အသံများမှာ တုန်ယင်နေသည်။ သူသည် စကားကို မနည်းထိန်း ပြောလိုက်ရ၏။ အဘယ်အကြောင်းကြောင့် မသိ ရင်ထဲတွင် တလှပ်လှပ် ဖြစ်နေ၏။ ပဋိသန္ဓေ အရင့်အမာကြီးကို လွယ်ပိုက်ထားရသောအခါ၌ လူမှာ ပိုမို၍မောဟိုက်လာ၏။ ထိတ်စရာ၊ လန့်စရာဆိုလျှင် ပို၍ ထိတ်လန့်တတ်၏။

"ဟင်..."

မနန်းအိမ်သည် အရိုးကြော့ စကားအဆုံးတွင် သံရှည်ဆွဲကာ အာမေဋိတ်သံ ပြုလိုက်မိသည်။ သူ့တစ်ကိုယ်လုံးသည် နတ်ဝင်သလို တုန်လှုပ်ချောက်ချားခြင်း ဖြစ်မိ၏။ ရပ်နေသောခြေထောက်များသည်မငြိမ်။ တဆတ်ဆတ် တုန်တက်လာသည်။

"ဟဲ့... မြရင်... လာ... လာ မီးတိုင်ယူခဲ့၊ မြန်မြန်ထက်ထက် လုပ်စမ်း၊ လှေဆိပ်သွားကြရအောင်"

သူသည် အမောတကော ပြောရင်းမှ အရိုးလေးကိုပင် စကားပြန်ရကောင်းမှန်း မသိ၊ ရှေ့မှနေလျက် မြစ်ဆိပ်သို့ အပြေးအလွှား ဆင်းသက်သွားလေသည်။ သူ့သမီး မြရင်သည် မီးတိုင်ကို ကိုင်ကာ သူ့အမေနောက်သို့ အပြေးလိုက်လေ၏။

mgyoe.com

"အမယ်လေးတော့... ကျွတ်... ကျွတ်... ဘုရား..."

ရှေ့မှ အပြေးအလွှား ထွက်သွားသော မနန်းအိမ်သည် အမှောင်တွင်း လမ်းကွေ့တစ်ခုအရောက် ချိုင့်ခွက်ကို နင်းမိကာ ကိုယ်ကို မထိန်းနိုင်ဘဲ ခွေလဲသွားသည်။ သူ တော်တော်နှင့် ပြန်မထနိုင်ချေ။

သူ့သမီး မြရင်သည် ခပ်လှမ်းလှမ်းမှ ပြေးလာကာ မီးတိုင်တစ်ဖက်နှင့် လက်တစ်ဖက်က သူ့အမေကို တွဲထူသည်။

"ဘယ်နာသွားလဲ အမေ၊ ဘယ်နာသွားလဲဟင်၊ ဖြည်းဖြည်း သွားပါ အမေရယ်၊ မှောင်ကြီးကိုးပါးထဲ"

"ကျွတ်... ကျွတ်... မနာပါဘူး သမီးရယ်၊ ကိစ္စမရှိပါဘူး"

လင့်စိတ်မွှန်ထူနေ၍တစ်ကြောင်း သမီးစိတ်မကောင်းဖြစ်မည် စိုး၍ တစ်ကြောင်း၊ ဟန်ဆောင် အားတင်းကာ မနာဘူးပြောရပေမယ့် ကိုယ်ဝန်အရင့်အမာနှင့် တအားကိုင်ရိုက်သလို လဲလိုက်ခြင်းဖြစ်လေရာ သမီးက ထူပေးလိုက်သည့်တိုင် တော်တော်နှင့် မထနိုင်ဘဲဖြစ်နေသည်။

"ဖွဟဲ့... ဖွ ဖွ၊ ကိစ္စမရှိပါဘူးအေ"

မနန်းအိမ်သည် ထိုစကားကို ပြောလိုက်ပြီး စိတ်စောနေသော အပူမီးကြောင့် လှေဆိပ်ရှိရာသို့ ခပ်သွက်သွက် ဆက်လျှောက်ခဲ့သည်။ သို့ရာတွင် ခြေလှမ်းကို အားပြုလှမ်းလိုက်တိုင်း ဗိုက်တွင်းမှ အောင့်သက်သက်ဖြစ်လာသည်။ ခြေထောက်ကို သိပ်မသယ်နိုင်တော့ပေ။

လင်ယောက်ျားစိတ်သည် သူ့ထိပ်ကို မြွေခဲသလိုဖြစ်နေသည်။ လမ်းခုလတ်တွင် လဲလိုက်သဖြင့် နိမိတ်မကောင်းဟု အယူအဆဝင်ကာ ပိုလို့စိုးရိမ်လာသည်။ ဝမ်းထဲရှိ ကိုယ်ဝန်သည် အပြင်မှ ထိခိုက်လိုက်သောကြောင့် တဆတ်ဆတ် တုန်ကာတိုး၏။ ပဋိသန္ဓေသားကောင်သည် သူ့ကို လွယ်ဆောင်ထားရရှာသော မိခင်၏ ဆင်းရဲပင်ပန်းမှုကို သိဟန်မတူ။ တဆတ်ဆတ် တဖျပ်ဖျပ် တုန်ရင်း ရင်ဝကို တဒိန်းဒိန်း ဆောင့်လေ၏။

"ကျွတ်... ကျွတ်..."

ရှေ့ဆက် မလျှောက်နိုင်တော့ပေ။ ကမ်းနဖူးထိပ်တွင် မီးအုပ် မီးတိုင်များနှင့် လှုပ်လှုပ်ရွရွဖြစ်နေသော လူအုပ်ဆီသို့ လှမ်းမျှော်ကြည့်လိုက်သည်။ လူတွေမှာ လှုပ်ရှားနေသည်။ စကားသံများမှာလည်း ဆူညံနေသည်။ ကမ္ဘာပျက်သလို ရှိလေသည်။

mgyoe.com

mgyoe.com

"ဘုရား... ဘုရား... ဘယ်သူများပါလိမ့်"

သိလိုစိတ်နှင့်ပူပန်စိတ်ပြင်းထန်လာသည့်အခါ မနန်းအိမ်သည် မြရင်ပခုံးကို အားပြုကိုင်ကာ ကမ်းနဖူးထိပ်အရောက် တနဲ့နဲ့ လျှောက်ခဲ့သည်။ အတန်ကြာမှ သူတို့သားအမိ ကမ်းနဖူးထိပ်လူအုပ်အတွင်း ဝင်ရပ်မိသည်။ ကမ်းနဖူးထိပ်မှနေကာ ကမ်းခြေရေစပ်အနီးမှ်ရှိရာသို့ မျှော်ကြည့်လိုက်မိသည်။

ရေစပ်အနီးမ့်တစ်နေရာတွင်မူ လူများသည် မီးတိုင်မီးခွက်များ ကိုင်၍လည်းကောင်း၊ ဓား၊ လှံ၊ မှိန်း၊ လက်နက်များ ကိုင်၍ လည်းကောင်း၊ တရုန်းရုန်း တဆူဆူ ဖြစ်နေသည်။ ညဉ့်၏ နီကြမ်းကြမ်း မီးရောင်တွင် ထိုသူများ၏ လှုပ်ရှားနေပုံမှာ ရုပ်ရှင်ဇာတ်လမ်းထဲမှ အကွက်အကွင်း တစ်ခုကို ပြသနေခြင်းနှင့် တူလှသည်။

"ဘယ်သူများပါလိမ့်၊ ဖွဟဲ့... လွဲပါစေ ဖယ်ပါစေ"

မနန်းအိမ်၏ စိုးရိမ်ကြောင့်ကြတတ်မှုများသည် ကမ်းပါးထိပ်တွင် တာရှည်တာမြဲရပ်နေရန် မဖြစ်နိုင်ပေ။ သူသည် ကမ်းခြေလူအုပ်ရှိရာသို့ ဆင်းသက်ရန် ခြေလှမ်းပြင်လိုက်၏။

ထိုအခိုက် "ဟော့... မနန်း၊ ဘယ်သွားမလို့လဲဟ"ဟူသော ချစ်လင်၏အသံကို အနောက်မှ ကြားလိုက်ရသဖြင့် လှမ်းတော့မည့်ဆဲဆဲ ခြေများသည် တန့်သွားလေသည်။

သူသည် အသံလာရာနောက်ပိုင်းသို့ ဆတ်ခနဲ လှည့်ကြည့်လိုက်၏။ ကိုကျိုးညိုပင် ဖြစ်၏။ ချစ်လင်၏မျက်နှာကို ခုလိုမြင်လိုက်ရတော့မှ နှလုံးသားဝမ်းတွင်း အပူမီးမှာ အတော်အတန် အေးငြိမ်းသွားရှာသည်။ ရင်ဝတွင် ဆို့နေသော အပူလုံးကြီးမှာလည်း ဟဲခနဲ ကျသွားသည်။ သို့ရာတွင် သူ့ပါးပေါ်သို့ မျက်ရည်ပေါက်များက စီးကျလာလေသည်။

သူမအဖို့ ဤလိုခင်ပွန်းသည်ကို မြင်ရပြန်တော့ ဝမ်းနည်း၊ ဝမ်းသာ ရောထွေးယှက်တင် ဖြစ်မိသည်။

"မင်းတို့သားအမိ လေ့ဆိပ်ဆင်းသွားတယ် အရိုးကြော့ ပြောတာနဲ့ ပိုက်ထားခဲ့ပြီး ဒီဆက်လိုက်လာတာ၊ သိပ်အေးတယ်ကွယ့်၊ မနန်း လာ... လာ အိမ် သွားကြမယ်"

mgyoe.com

mgyoe.com


ကိုကျိုးညိုသည် ချစ်ဇနီး၏ ပခုံးတစ်ဖက်ကို ညင်သာစွာ ကိုင်ရင်း တယုတယ ပြောလိုက်သည်။ သူသည် မြရင်၏လက်ထဲမှ မီးတိုင်အလင်းရောင်ကြောင့် မနန်းအိမ်၏ ပါးပေါ်မှ မျက်ရည်စများကို မြင်လိုက်သည်။

"ဟင်... ဘာဖြစ်လဲ မနန်း၊ ဘာဖြစ်လို့ ငိုရတာလဲ"

"စိတ်ပူလို့ပေါ့ ဘာဖြစ်တာလဲဟင်၊ ရွှေဒဂၤါးကျွန်းသောင် ပေါ်မယ် လူတစ်ယောက် သေနေဆို"

"ကိုင်း... လာပါကွယ်၊ ကျုပ် အိမ်ရောက်တော့ ပြောမပေါ့၊ လာ ... လုံမ လမ်းမြင်ရအောင် နင်ရှေ့က သွားစမ်း"

ကိုကျိုးညိုသည် သူ့အတွက်ပူပန်ကြောင့်ကြရှာသော ဇနီးနှင့် သမီးကို ခေါ်ဆောင်ကာ အိမ်ဘက်သို့ ပြန်လှည့်ခဲ့လေသည်။

○✧○

ဖြစ်ရပ်တစ်ခုအတွက် သက်ဆိုင်ရာ သားမယား၊ သားသမီးများ၏ စိတ်ဝယ် တုန်လှုပ်ချောက်ချားကြမည်တော့ အမှန်ပင်။

ရွှေဒဂၤါးကျွန်းသောင်ဦးတွင် ရင်ဝ၌ လှံတန်းလန်းဖြင့် သေပွဲဝင်ရှာသူသည် ပိုက်သမားမဲလေးပင်ဖြစ်၏။ ကိုကျိုးညိုသည် မဲလေးတစ်ယောက် သေဆုံးရှာပုံကို မနန်းအိမ်သို့တစ်ဆင့် ပြန်ပြောလေသည်။

"ဖြစ်ပုံက ဒီလိုကွယ့်... ညက သန်းခေါင်ကျော်လောက် ရှိရောပေါ့၊ မဲလေးက သူ့အလှည့်ရောက်တော့ ပိုက်ဆင်းသွားတယ်၊ ဒီအချိန်က နှင်းတွေ သိပ်ကျနေတယ်၊ တို့တစ်တွေလည်း အိပ်ချင်နေကြပြီပေါ့၊ နောက်တစ်ယောက်ကလည်း တော်တော်နဲ့ ဆင်းမလိုက်ဘူး၊ မီးပုံနားစုငိုက်နေကြတယ်၊ အဲဒီလိုနေရင်း မဲလေးဟာ ပြန် တက်မလာတော့ဘူး၊ တစ်ခါတည်း အစပျောက်နေတယ်၊ တို့များ ထင်နေတာက အေးလွန်းလို့ ဒီကောင် ပိုက်သိမ်းပြီး ရွာဝင်သွားပြီ ထင်နေတာ"

"အဲဒီလိုနဲ့ ထွန်းကြည်အလှည့်ရောက်တော့ ထွန်းကြည်က သူ့ပိုက်ကိုအပြင် ရေကြောဘက်ချပြီး အပြင်ရေကြောအတိုင်း လိုက်အသွားမယ် ရွှေဒဂၤါးကျွန်းသောင်ခုံစပ်နားရောက်တော့ လှေတစ်စင်း တွေ့တာနဲ့ မဲလေး

mgyoe.com

mgyoe.com

လေ့ပဲဆိုပြီး ဟစ်ခေါ်တယ်ကွ၊ ဒါပေမဲ့ ပြန်ထူးသံတော့ မကြားဘူးပေါ့၊ ထွန်းကြည်လည်း စခန်းဆုံးရောက်တော့ ပိုက်သိမ်းပြန်လာပြီး ဒီအကြောင်းကို တို့များ ပြောပြတယ်၊ ဒီတော့ ဦးဖိုးမှုန်က မသင်္ကာဖြစ်လို့ ကဲ... လူစုပြီး သွားကြည့်ကြမဟေ့ဆိုတာနဲ့ တို့အားလုံး လူစုပြီး သွားကြည့်တော့ မဲလေးဟာ သောင်ခုံရေစပ်မယ် ရင်ဝ လှံတန်းလန်းနဲ့ သေနေတာတွေ့ရတာပါ ပဲကွာ၊ ဖြစ်ပုံကတော့ အဲဒီအတိုင်းပဲကွယ့်"

ကိုကျီးညို စကားဆုံးသွားသောအခါ မနန်းအိမ်သည် ဟင်းခနဲသက်မ ချမိပြန်သည်။ အသတ်ခံရသော မဲလေး၏ မျက်နှာကို ကွက်ခနဲမြင်ယောင် မိ၏။

"ပိုက်နဲ့ လေ့ရော တွေ့သေးသလား ကိုညို"

"လေ့တော့ တွေ့တာပေါ့ကွာ၊ ပိုက်နဲ့ လေ့ထဲက ငါးဆိုတာတော့ တစ်ကောင်တစ်မြီးတောင် မတွေ့တော့ဘူးကွ၊ ခုလို သတ်တာကိုက ပိုက် လိုချင်လို့ သတ်တာပဲ မနန်းရယ်"

မနန်းအိမ် ကြက်သီးမွေးညှင်း ထလိုက်မိသည်။ ဤနေရာတစ်ဝိုက် ဝယ် ပိုက်ဖြတ်သမား၊ ပိုက်သူခိုးများ ထကြွလာပြန်ပါပကော ဟူသော အတွေးကြောင့် လင့်ခမျာ၏ ရှေ့ရေးကို ပူပန်မိလေသည်။ ခပ်စောစောက လဲထားသည့်ဒဏ်ရာမှ ညာလက်မောင်းတစ်ဖက်သည် အောင့်သက်သက်ဖြစ် လာ၏။ ဤသည်ကိုပင် လင်ယောကျ်ားစိတ်မကောင်းဖြစ်မည်စိုး၍ အောင့် အည်း မျိုသိပ်ထားရ၏။ နောက်ညဉ့်နက်မှ ဆေးလူးဆေးလိမ်းတော့အံ့ဟု သဘော ပိုက်ထားလိုက်သည်။

မဲလေးအတွက် သူသည် စိတ်မကောင်းခြင်း ဖြစ်မိသည်။ "အင်း... တစ်ယောက်တော့ သွားရှာပေါ့၊ ဒီတစ်ယောက်နဲ့ပဲပြီးပါစေ" ဟု ဝမ်းတွင်း ကျိတ် ဆုတောင်းမိသည်။ ပိုက်ဖြတ်သမား၊ ပိုက်သူခိုးများကိုလည်း မမြင် မတွေ့ဘဲ စိတ်နာကြည်းမိသည်။ အကုသိုလ်မှု၌သာ အသုံးပြု အသုံးချနိုင် မည့် ပစ္စည်းတစ်ခုကို အကုသိုလ်မှုဖြင့် မိုက်ဝံ့မိုက်စား ပြုမူရက်သည့်စိတ် ထားမှာ အလွန်တရာ ထိတ်လန့်အံ့သြစရာပါကလားဟုလည်း တွေးလိုက် မိပြန်သည်။

မိုးစင်စင်လင်းသည့်အခါ တစ်ရွာလုံး မဲလေးသေဆုံးရပုံ အကြောင်းကို သူတစ်မျိုး ငါတစ်ဖုံ ပြောဆိုကုန်ကြသည်။ အားလုံး ကိုတံငါများကမူ

mgyoe.com

"တို့နေရာတစ်ပိုက်မယ် ပိုက်ဖြတ်သမားတွေ ထလာပြန်ပဟော့၊ ပိုက်ဆင်းရင် သတိထားကြမှ အိပ်ငိုက်နေလို့မဖြစ်ဘူးကွ"ဟု ခပ်အေးအေး ခပ်ပေါ့ပေါ့ ပြောဆို သဘောထားလိုက်ကြလေ၏။

အမှန်က ဤကိစ္စဤဖြစ်ရပ်သည် သူတို့ကိုတင်ငါတွေအဖို့ အဆန်းတကြယ် မဟုတ်ဟူ၍လည်း ဆိုနိုင်၏။ ဤလိုအဖြစ်မျိုးတွေက ဖြစ်ခဲ့ကြုံခဲ့ဖူးပြီ မဟုတ်ပါလား။

○✧○

mgyoe.com

mgyoe.com

(ငါး)

လမိုက်သော နှင်းလိုက်သည့်ညဥ့်များသည်အခါတိုင်း ညဥ့်များမှာထက် သားငါးအရ ပိုတတ်လေသည်။ ဤလို နှင်းအလိုက် များ၍ လမိုက်သည့် ညဥ့်၌ပင် ကိုကျီးညိုတို့ ပိုက်သမားတစ်စုမှာ ဘေးအန္တရာယ်ကို ကြုံတွေ့ရ တတ်ပြန်၏။

ညဥ့်နက်လာသောအခါများ၌ ပိုက်လှေသမားတစ်စုသည် မြစ်ရေကြော တွင် အလှည့်ကျ ပိုက်ကိုမျှောရင်း တစ်ခါတစ်ရံ အိပ်ပျော်ငိုက်မျဉ်းရှိတတ် ကြသည်။ တစ်ညဥ့်တာ တစ်နေ့မှ မဟုတ်သောကြောင့် အေးမြသောဆောင်း ညဥ့်တွင် ဤလို ငိုက်မျဉ်းမိကြခြင်း ဖြစ်၏။

ထိုအခါများတွင် ကိုတံငါတို့၏ ရန်သူဖြစ်သော ပိုက်ဖြတ်သမား၊ ပိုက်သူခိုးများသည် အငိုက်ကို ချောင်းမြောင်းကာ ပိုက်ကို ဖြတ်၍သော် လည်း၊ ပိုက်တစ်ဖုံးလုံး ရေထဲမှ ရုပ်သိမ်းလျက်သော်လည်းကောင်း ယူငင် သွားတတ်ကြ၏။ ပိုက်ဖြတ်သမားများမှာလည်း တစ်ဦးချင်း တစ်ယောက် ချင်း မဟုတ်ပေ။ လှေငယ်နှစ်စင်းသုံးစင်းနှင့် နှစ်ယောက်တစ်တွဲ သုံးယောက် တစ်တွဲ လာတတ်ကြသည်။ ဤလိုအခါမျိုးတွင် ပိုက်သမားကိုတံငါများအနေ ဖြင့် မသိသော် ခံလိုက်ကြရသော်လည်း သိရှိသွားသည့်အခါများ၌ကား ပိုက်ဖြတ်သမားတစ်စုနှင့် ကိုတံငါတစ်စုတို့သည် မြစ်ရောနဒီတွင်းဝယ် ရေတပ်စစ်ပွဲကလေးခင်းသည်တမျှ ထိုးခုတ်တိုက်ခိုက်ကြခြင်းဖြင့် မြစ်ရေ ပြင်သည် သွေးနီရောင် လွှမ်းတတ်ခဲ့လေသည်။

mgyoe.com

mgyoe.com


အကုသိုလ်မှုဖြင့် ထမင်းတစ်ဝမ်းကို ရှာဖွေလုပ်ကိုင်စား သောက်ခြင်းပြုကြရသည့်တိုင် ဤသို့သောရန်သူများ၏ အနှောင့်အယှက် ဘေးအန္တရာယ်က လည်း ကိုကျီးညိုတို့တွင် ရှိတတ်ကြသည်။ ဤသည်ကိုပင် မနန်းအိမ်သည် စိတ်မချ စိတ်မအေးဖြစ်မိသည်။

"ဒီတစ်ညတော့ နားစမ်းပါဦးလား ကိုညို"

မနန်းအိမ်သည် လင်ယောကျ်ားမျက်နှာကို ကြင်နာစွာ ကြည့်ရာမှ ပြောလိုက်၏။ ယမန်နေ့ညကဖြစ်ပွားခဲ့သော မဲလေးကိစ္စအတွက် မနန်းအိမ် တွေးပူမိသည်။

"အိုကွယ်… မနန်းကလည်း စိုးရိမ်လွန်ရန်ကော၊ ခုလို ရတုန်းရခိုက် အချိန်မျိုးမယ် နားလို့ ဘယ်ဖြစ်ပါ့မလဲကွယ့်၊ နားချင်လို့ ရှိတောင် မနန်း မျက်နှာမြင်မှပဲ မီးနေ စောင့်ရင်း ကျုပ်နားတော့မယ်"

မနန်းအိမ် ပြောမယ့်သာပြောရသည် လင်ယောကျ်ားဖြစ်သူသည် ဤလို နှင်းအလိုက်များ၍ ငါးတိုးသောညဉ့်များတွင် အဘယ်နည်းနှင့်မျှ နားလိမ့်မည် မဟုတ်သည်ကို သူသည် အတတ်သိပြီး ဖြစ်၏။

"ဒီလိုဆိုရင်လည်း အိပ်ပျော်နေပျော်၊ မြရင်ကို အဖော်ရအောင် ခေါ်သွားပါလားဟင်"

"မလုပ်ပါနဲ့ မနန်းရယ်၊ ကျုပ်သမီးကြီး အအိပ်ပျက်လို့ ဖျားနာနေပါ့မယ်ကွာ၊ ပြီးတော့ ကလေးတွေကိုလည်း ဒီအလုပ်မလုပ်စေချင်ဘူး၊ မင်းနဲ့ ကျုပ်သာ ဘဝကအကြောင်းကံအတိုင်း ရှိပါစေတော့ကွာ"

မမျှော်လင့်သော လင်ယောကျ်ား၏ ပြောစကားကို ကြားလိုက်ရသည့် မနန်းအိမ်သည် ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်သွား လေသည်။ ဟိုစဉ်အခါများကမူ သူ့ချစ်လင်သည် ဤလိုစကားမျိုးကို ဘယ်တော့မှ ပြောလိမ့်မည်မဟုတ်။ တံငါဖားလောင်းအလုပ်၌ပင် မွေ့လျော်ပျော်ပိုက်နေလိမ့်အံ့ဟု အထင်ရောက်မိသည်။ ယခုတော့ ချစ်လင်ကိုယ်တိုင်သည် သူထင်သလို မဟုတ်တော့ပါချေတကား။

မနန်းအိမ် အချိန်အတော် ကြာငေးငိုင်နေမိ၏။

"ကျုပ် ဒီစကားပြောလိုက်လို့ မင်းအံ့ဩသွားလား၊ ဟုတ်လား မအံ့ဩပါနဲ့ကွာ၊ ကျုပ်နဲ့ မနန်းတို့သာ တံငါဖားလောင်းအလုပ် အကုသိုလ်မှုက ဒီတစ်သက် ဒီဘဝမလွတ်ဘဲ နေချင်နေပါစေ ကျုပ်တို့ သားသမီးလေးတွေ

mgyoe.com

 mgyoe.com



ကိုတော့ ဒီအကုသိုလ်မှုတွေထဲဆွဲမသွင်းချင်ဘူး၊ သူတို့ကိုလည်း ကျုပ်တို့ အဖြစ်မျိုး ကျုပ်တို့ဘဝမျိုး မရောက်ရအောင် တတ်နိုင်သလောက် ကြိုးစားရ မပေါ့၊ မဟုတ်ဘူးလား မနန်း၊ ဟင်... ကျုပ်ပြောတာဟုတ်လား"

သူသည် လင်ယောက်ျား၏ အမေးကို ရုတ်တရက် မဖြေကြားနိုင် ပါပေ။ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်းတို့သည် သူ့နှလုံးသားကို သိမ့်သိမ့် တုန်ရိုက်ခတ်သဖြင့် မျက်ရည်များကျမိလေသည်။

"ဟုတ်... ဟုတ်... ဟုတ်ပါတယ် ကိုညို၊ ကျွန်မလည်း ဒီအတိုင်းစိတ်ကူး ထားပါတယ်၊ ဒီတစ်ခါကလေး မျက်နှာမြင်ပြီးရင်တောင် ရှိစုမဲ့စု ပစ္စည်းလေးတွေရောင်းပြီး အိမ်ဆိုင်ကလေးတည်မယ်လို့ ကျွန်မ စိတ်ကူး ထားတယ်၊ မြရင်လည်း အရောင်းအဝယ် တတ်သွားမယ်၊ ကိုညိုလည်း ခုလို ပိုက် မဆင်းရတော့ဘူးပေါ့..."

"နောက်ပြီးတော့ ခုရှိနေတဲ့ကိုယ်ဝန်ဟာ သားယောက်ျားလေး မွေးပါ စေလို့ ကျွန်မ ဆုတောင်းနေတာ၊ သားကလေးသာ မွေးရင်တော့..."

"အိုကွယ်... ကျုပ်သိပါတယ်၊ ရွာတောင်ပိုင်းက ကိုသာ လုသား ကျောက်ဖြူကို ရှင်ပြုတာ မင်းသိပ်အားကျနေတယ်မဟုတ်လား၊ ဒါလည်း ကျုပ် ရိပ်မိပါတယ်ကွာ" မနန်းအိမ်၏ စကားမဆုံးမီပင် ကိုကြီးညိုသည် ထိုစကားကို ကောက်ခါငင်ခါ ဒိုးဒိုးဒေါက်ဒေါက် ပြောလိုက်သည်။

မနန်းအိမ်သည် အားတက်သရော ပြုံးလိုက်၏။ သူ့အပြုံးမှာ မျက်လုံး အိမ်ထဲတွင် မျက်ရည်တွေ ပြည့်လျှမ်းနေသော ငိုရာမှ အပြုံးဖြစ်၏။ သူ့မျက်နှာအမူအရာက နှစ်မျိုးနှစ်စားဖြစ်နေသလို သူ့တွင် ခံစားနေရသော စိတ်ဝေဒနာကလည်း သို့လော သို့လော ဖြစ်နေ၏။ သားယောက်ျားလေး မွေးခဲ့သော်ဟူသော စိတ်အားထက်တက်ကြွမှု အတွေးအဆနှင့် တကယ် လို့များ လွဲခဲ့သော်ဟူသည့် စိတ်ဓာတ်ကျဆင်းမှု အတွေးအတောပင်ဖြစ် ၏။

သူသည် လင့်မျက်နှာကို စိုက်ကြည့်ကာ မသိမသာ သက်ပြင်းချလိုက် မိတော့သည်။

○✧○

သည်ပိုးလွယ်ပိုက်ထားရသော သန္ဓေသည် ဓမ္မတာအတိုင်းအချိန်ကျ ပြန်တော့ မွေးရဖွားရပြန်၏။

mgyoe.com

mgyoe.com


"မိန်းကလေးဟဲ့... မိန်းကလေး... သူ့ အမေမျက်နှာပေါက်အတိုင်းပဲ တော်၊ အမေတူကလေးဟဲ့"

ဝမ်းဆွဲသယ် ဒေါ်ကောက်အသံသည် မနန်းအိမ်အဖို့ အော်ကြီး ဟစ်ကျယ် ငိုပစ်ချင်လောက်အောင် စိတ်အားငယ်သွားတော့သည်။

သူ၏ရည်ရွယ်ချက် သူ၏မျှော်လင့်ချက် ဘဝခရီးဝယ်ရာဟု ခွင်မှ မှန်တိုင်းဆင်ခဲ့ပါပကော... သူတောင့်တခဲ့သော ကမ္ဘာသစ်သည် ယခုကပင် ပြိုကွဲပျက်စီးခဲ့ပြီဟု မနန်းအိမ် အားငယ်မိ၏။ အနီးအနားရှိ ကူညီဝိုင်းဝန်း သူများ မတွေ့မမြင်ရအောင် ကျဆင်းလာသော မျက်ရည်စကို သုတ်သင်ဖယ်ရှားပစ်ရသည်။

သူသည် ထ၍များ အော်လိုက်၊ ဟစ်လိုက် ငိုပစ်လိုက်ချင်၏။ မကောင်းတတ်သောအဖြစ်မို့သာ သူ့စိတ်သူ မနည်းချည်း ချုပ်တီးမျိုသိပ်ထားရရှာသည်။ ကြီးမားသော အစွဲအလမ်းကြောင့် ဝမ်းဆွဲဒေါ်ကောက်ကြီး ပြောင်များနေလေသလားဟု သံသယ ဝင်မိပြန်သည်။ ဒါပေမဲ့နောက်ဆုံးတော့ သူ့သံသယကသာ လွဲမှားခဲ့ရသည်။ သူမွေးဖွားလိုက်သည်မှာ သမီးမိန်းကလေးပင်ဖြစ်နေ ကြောင်း စိတ်မချမ်းမြေ့ဖွယ် သိရမြင်ရသည်။

မျှော်လင့်ချက်တွေ ပျက်ပြား၍ အားထားမှုတွေ ကွယ်ပျောက်သွားပေမယ့် ရင်သွေးဆိုပြန်တော့ ချစ်ရပေမည်သာ။ သမီးငယ်ကိုတော့ ချစ်ပါ၏။ ပျက်ပြားရသော ရည်ရွယ်ချက်များအတွက် ရင်နာရင်နင့်ဖြစ်မိရှာသည်။

သည်တစ်ကြိမ် မီးဖွားရပြီးနောက် အားထားချက်တွေ ပျက်ပြားသွား၍လား သွေးသားကြောင့်လားမသိ သူ့တွင် အတော်အားအင်ခြောက်ခန်းသွားရှာ၏။ မီးတွင်းထဲ၌ပင် ယခင်အခါ သမီးနှစ်ယောက်မွေးရဖွားရသည်နှင့် မတူဘဲ ဝေဒနာထူပြောစဖြစ်လာ၏။

စိတ်ကြောင့်ပေလား ဝေဒနာကြောင့်ပေလား မပြောတတ် ခေါင်းကိုက်ဇက်လေး ခါးကိုက် အကြောတက်ဖြစ်ရာမှ တစ်နေ့ တခြားအစားပျက်အသောက် ပျက်ဖြစ်ကာ အိပ်ရာထက်လဲ စပြုလာသည်။ လင်ယောကျ်ားဖြစ်သူသည် ဇနီးအတွက် ပိုက်ချငါးရှာပင် မသွားနိုင်။ ရွာကလေးရှိ ဓာတ်ဗိန္ဒောဆရာများ၊ အနီးအနားမှ ဆေးဆရာများနှင့်သာမက ညောင်တုန်းမြို့ပေါ်သို့တက်၍ပင် နာမည်ကျော်ဆေးဆရာကြီး ဦးသာဒွန်းဇံကို သွားရောက်

mgyoe.com

ပင့်ဆောင်ကာ ဆရာတစ်ဦးပြီး တစ်ဦး၊ တစ်ယောက်ပြီး တစ်ယောက် အလဲအလှယ် ပြုလျက် ငွေကြေးအကုန်အကျခံ ကုသရှာသည်။

ဤလိုအထူးဂရုတစိုက် ကုသပေးရှာသည့်ကြားမှပင် မနန်း အိမ်ခမျာ သက်သာမှုမရရှိဘဲ မမျှော်လင့်သောဝေဒနာနှစ်ရပ်ကို တစ်ပြိုင်တည်း ခံစားရပြန်သည်။ တစ်ညသောအခါက ချော်လဲရာမှ ရရှိခဲ့သော ညာလက်တစ်ဖက်နာနေသည့် ဒဏ်ရာဟောင်းနှင့် တစ်နေ့ တခြား ရီဝေမှုန်မွှားလာသော မီးယပ်မျက်စိ ဝေဒနာပင် ဖြစ်၏။

မွေးကင်းစ ကလေးငယ်တစ်ယောက်နှင့် ဤသို့သော ရောဂါသယ်များ၏ နှိပ်စက်ညှဉ်းပန်းချက်ကို ခံစားရခြင်းဖြင့် မနန်းအိမ်သည် ကာလအတန်ကြာ အိပ်ရာထက်မှ မထနိုင် ဖြစ်ရသည်။ တိုစဉ်အခါက ကြိုးကြိုးကုပ်ကုပ် စုဆောင်းခဲ့သော ပစ္စည်းပစ္စယကလေးများသည် ပေါင်ရာမှ ရောင်းရောင်းရာမှ ကုန်လေသည်။ နောက်ဆုံးအခြေတွင် ရှိစုမဲ့စုအားလုံး ကုန်ကာ လူလုံးမလှ ဖြစ်ရလေ၏။ မနန်းအိမ်တွင် နို့စို့သမီးငယ် အခါလည်ကျော်အရောက် စက္ခုနှစ်ကွင်း အလင်းရောင်ကွယ်ခဲ့သည်။ ညာလက်တစ်ဖက်သည် မြှောက်မရ ကြွမရ အကြောသေခဲ့ရ၏။

ဤအဖြစ်ကို ကြုံခဲ့ရသည့်အခါ မနန်းအိမ်သည် ရှေးကထက် တိုးလျက် သူပြုလုပ်မိသော အကုသိုလ်မှုအတွက် ကြီးမားစွာ ထိတ်လန့်တုန်လှုပ်မိ၏။ အကြောက်ကြီး ကြောက်မိ၏။ သို့ရာတွင် ဤတံငါဘဝမှကျွတ်လွတ်ရေးကိုကား တွေးလို့များမှ မကြည့်ဝံ့ပါချေ။ ဘဝကြမ္မာ ဖန်လာပုံသည် သေသည်ထိ ဤမည်သော တံငါလုပ်ငန်းနှင့်ပင် နိဂုံးချုပ်အဆုံးသတ်ရမလို ရှိနေသည်။

သူ့ဘဝတစ်သက်တာတွင် ထူးခြားသောမျှော်လင့်စရာဆို၍ကား ဘာတစ်ကွက်မျှ မရှိလေတော့။ ဤလိုတွေးတောမိတိုင်း မနန်းအိမ်သည် ချစ်လင်မသိအောင် ကျိတ်ငိုရပြန်သည်။ သူ့တွင် မျက်စိနှစ်လုံးက သုံးမရသလို ညာလက်တစ်ဖက်မှာလည်း အသုံးမဝင် အရာမရောက်တော့။ လူစဉ်မမီသော သူ့ဘဝ၏ အားထားစရာမှာ ငိုယိုခြင်းတစ်ခုတည်းသာ ဖြစ်လေရော့သလားဟုသော အတွေးအတောများကသာ မကြာခဏ သူ့ခေါင်းတွင်ဝင်ရောက်လာလေသည်။

သည်အဖြစ်တွေက နှစ်လတွေ ကြာညောင်းခဲ့ပြီကော...။

mgyoe.com

mgyoe.com


မည်သို့ပင် နှစ်လတွေကြာညောင်းခဲ့ပေမယ့် မနန်းအိမ်၏ ဘဝမှာ မကုန်ဆုံး မကွယ်ပျောက်သေး။ လူစဉ်မမီ လူဖြစ်ရှုံးသော ဘဝ၌ပင် သက်ဆိုးရှည်ဆဲရှိနေရှာသည်။

ဗုဒ္ဓမြတ်စွာ၏ တရားတော်ဒေသနာအရ ဇာတိ၏နောက်ဆွယ်မှ ဇရာဗျာဓိ မရဏသောက ပရိဒေဝ စသော ဒုက္ခမီးအဖြာဖြာသည် အစဉ်အမြဲ မှီတွယ်ကပ်ငြိလိုက်ပါလာခဲ့ဘိသည် မဟုတ်တုံလော။ ထိုမည်သော ဒုက္ခတရားအစုတို့သည် ရုပ်နာမ်နှစ်ပါးတို့ကို အဖန်တလဲလဲ အမြဲမကွာ နှိပ်စက်ညှဉ်းပန်းအပ်ကုန်၏။

သို့ကြောင့်လည်း အဖြစ်ဟောင်းတွေက ကြာညောင်းခဲ့ပြီ။ ပြီးဆုံးခဲ့ပြီဆိုရပေမင့် မကွယ်မပျောက်သေးသည့် မနန်းအိမ်၏ရုပ်နာမ်တို့ကိုမူ အသစ်အသစ်ဖြစ်သော ဒုက္ခမီးတို့သည် တညီးညီး၊ တပြောင်ပြောင် လောင်ကျွမ်းနေဦးမည်တော့ဖြစ်၏။

ဘဝဟူသည် ဤနည်းနှင်နှင် မဟုတ်ပါလား။

○✧○

မှုန်ရီသောငွေနှင်းလွှာသည် ရေမျက်နှာပြင်ထက်မှ ကွယ်ပျောက်လွင့်စဉ်ခဲ့လေပြီ။

မြရင်သည် လေးတိုင်စင်တဲငယ်၏တိုင်တစ်တိုင်ကို ကိုင်လျက် အပြောကျယ်သော မြစ်ပြင်ကြောကို လှမ်းမျှော်ကြည့်ပြန်၏။

ဤနေရာမှကြည့်သော် ရွှေဒဂုံးကျွန်းသောင်ခြေသည် ခပ်မှုန်မှုန် ခပ်ပျပျ ရှိလေ၏။ ဤသောင်မြေ ဤကမ်းခြေ၌ပင် တစ်ကြိမ်သောအခါက ပိုက်သမား ကိုတံငါတွေမှာ အသတ်ခံခဲ့ရလေကြောင်း မြရင် ကြားဖူးနားဝရှိခဲ့သည်။

အမေ မနန်းအိမ်ထံမှ ဤလိုစကားမျိုးတွေကို မြရင်သည် ဒဏ္ဍာရီပုံပြင်နားထောင်ရသောကလေးငယ်လို ကြားခဲ့ရဖူးသည်။ သူကိုယ်တိုင် ဆယ့်တစ်နှစ်သမီးရွယ်က ဤရွှေဒဂုံးကျွန်းသောင်ခုံထက်ဝယ် ပိုက်သမားမဲလေးတစ်ယောက် ရင်ဝတွင် လှံစိုက်လျက်သေပွဲဝင်ခဲ့သည့်အကြောင်းကို ယခုထိ အမှတ်ရနေတုန်း ဖြစ်သည်။ သူ အခု အသက်ဆယ့်ခြောက်နှစ်ထဲရောက်

mgyoe.com

mgyoe.com

လာသောအခါ မဲလေးတစ်ယောက် သေဆုံးခဲ့သည်မှာ ဘာလိုလိုနဲ့ ငါးနှစ်ကျော်ကြာရှိ သွားပါပကော။

မြရင်သည် ရွှေဒဂုံကျွန်းဆီသို့ ငေးမျှော်ကြည့်ရာမှ မဲလေးအကြောင်း သတိရလိုက်မိသည်။

"သမီး... ဘာလှေမှ မတွေ့ဘူးလား"

မနန်းအိမ်သည် သမီးကို အားကိုးအားထားပြုလျက် မေးလိုက်ရရှာသည်။

"မတွေ့သေးဘူး အမေရဲ့" မြရင်သည် သူ့စကားအဆုံးတွင် ခြေဖျားထောက်ကာ မြစ်လယ်ကြောနှင့် ရွှေဒဂုံကျွန်းရေလက်ကြားဆီသို့ ကြည့်ပြန်သည်။ သူကိုယ်တိုင်မှာလည်း ရေပြင်ကျယ်မှ ပိုက်လှေငယ်တစ်စင်းတလေကို တွေ့ရနိုး မြင်ရနိုး မျှော်ကိုးမိယောင်သည်။

"အမေရေ... ငါးပိလှေကြီးတစ်စင်း ညောင်တုန်းဘက် ဝင်နေတာ တွေ့ရတယ်၊ အဲဒီနောက်က ပိုက်လှေနဲ့တော့တူတယ် အမေ"

မြရင်သည် ကျိုးကန်းသိုက်ရွာ တစ်ဖက်ကမ်းမြစ်လယ်ဆီမှလှော်ခတ်လာသော လောင်းလှေကြီးနှင့် ထိုလှေကြီး၏ နောက်ပါးမှ တဖြည်းဖြည်းလှော်တက်လာသော ပိုက်လှေငယ်တစ်စင်းကို မြင်သဖြင့် သူ့အမေကို သူမြင်သည့်အတိုင်းပြောလိုက်သည်။

"အင်း... ငါးပိလှေတွေတောင် ညောင်တုန်းဝင်ကုန်မှကိုး နောက်က လှေဆိုတာ ကြည့်စမ်းပါဦး သမီးရယ်၊ ညည်း အဘလှေများလားလို့"

မြင်ရသောခရီးသည် အတန်ငယ်တော့ ဝေး၏။ သို့ရာတွင် ရေတက်စပြုလာချိန်ဖြစ်၍ မကြာမီ လှေငယ်မှာ ရွာဆိပ်သို့ရောက် ရှိလာလိမ့်မည်ဟု တွေးမိသော မြရင်သည် လှေကြီးနောက်မှ လှေငယ်ကို စိတ်အားထက်သန်စွာ ကြည့်မိသည်။

ငါးပိလှေကြီးသည် ညောင်တုန်းမြို့၏ ငါးပိဆိပ်ရှိရာဖြစ်သော ကျွန်းထိပ်ပိုင်းကမ်းခြေဆီသို့ ဦးပေးဝင်သွားလျက် လှေကြီးနောက်မှ လှေငယ်သည် စက္ကော့ရွာအောက်ဆွယ် အိုးစုဒေသဆီသို့ လှော်ဝင်လာသည်။

"လှေကြီးတော့ ငါးပိဆိပ်ဝင်သွားတယ် အမေ၊ နောက်က လှေလေးတော့ အိုးစုဘက် လှော်ဝင်လာတယ်"

မြရင်သည် သူ့မျက်စိထဲ မြင်ရသမျှ သူ့အမေကို ပြောနေရသည်။

mgyoe.com

mgyoe.com


မျက်စိပသာဒတွင် မမြင်စွမ်းနိုင်သော မနန်းအိမ်မှာ သူ့သမီးမြရင်ပြောသည်များကို စိတ်ဝယ်ထင်စွမ်း ကြည့်ရရှာသည်။

"ကဲ… ရှာလယ်ဆိပ် သွားရအောင် သမီး၊ ခုနကဟာ နင့်အဘ လှေများလား မဆိုနိုင်ဘူး" မနန်းအိမ်က ထိုကဲ့သို့ ပြောလိုက်သည့်အခါ မြရင်သည် သူ့အမေ မျက်မမြင်ကို ဘယ်လက်မှ ဆွဲလျက် ကမ်းခြေလမ်းကလေးအတိုင်း ရှာလယ်ဆိပ်ရှိရာသို့ လျှောက်ခဲ့ကြလေသည်။

တစွက်စွက် မြည်သော ရေသံနှင့် လှော်တက်ဆွဲသံကို ကြားရပေမယ့် ကမ်းပါးစွန်းကွယ်နေသောကြောင့် လှေငယ်ကို မမြင်မတွေ့ရသေး။ ဤတစ်ကွေ့ကို ကျော်လွန်မိပါမှ လှေငယ်ကို မြရင် မြင်တွေ့ရမည်ဖြစ်၏။

ကမ်းခြေသည် ကမ်းပါးစောက်ဖြစ်သည့်မျှမက မကြာမကြာပင်ရေဝဂယက်စားလျက် ပြိုကျသောနေရာတစ်ခု ဖြစ်၏။ ထို့ကြောင့် ဟိုကွေ့သည် ကောက်နှင့် ကမ္ဘားစွန်းများထွက်နေသော ဆိပ်ကမ်းဖြစ်၏။

မနန်းအိမ်၏နားများသည် တစွက်စွက် ကြားနေရသော လှော်တက်ဆွဲငင်ပုံနှင့် ရေသံကို နားစွင့်လိုက်၏။

"ခုဟာ ညည်းအဘ မဟုတ်သေးပါဘူး မြရင်ရယ်"

မနန်းအိမ်သည် စိတ်အားလျှော့စွာ ထိုစကားကိုပြောလိုက်မိ၏။ မြရင်သည် ကွယ်နေသော ကမ်းပါးစွန်းသို့ သူ့ကိုယ်ကို တစ်ဖက်ယိမ်းနွဲ့ကာ မျှော်ကြည့်၏။ လှေငယ်သည် ဦးပိုင်းမှစ၍ တဖြည်းဖြည်း ပေါ်လာရာမှ တစ်စတစ်စ လှေလုံးနှင့် လှေလှော်လာ သူကိုပါ မြရင် မြင်ရတော့ပြီ။

"ဦးကြီးတက်တူ အမေ"

"ငါပြောသားပဲ၊ ညည်းအဘ လှေမဟုတ်ပါဘူးလို့"

နှစ်ကာလ ကြာညောင်းစွာ ပေါင်းသင်း ဆက်ဆံနေခဲ့သော လင်ယောကျ်ားဖြစ်သူ၏ လှေလှော်သံ၊ လှော်တက်မှရေယက်သံကို ပင် မနန်းအိမ်၏နားဝယ် သိမှတ်ထားနိုင်စွမ်းသော သညာမှု ရှိနေသည်။

မြရင်သည် လှေငယ်ကို တစ်ချက်ချင်း မှန်မှန် လှော်တက်လာသော ဦးတက်တူကို မျှော်ကြည့်သည်။ ဦးတက်တူ ပြန်လာခဲ့ပြီမို့ သူ့အဘ၏ သတင်း စကားကိုသော်လည်းကောင်း၊ ခရီးကြုံပါးလိုက်မည့် ပစ္စည်းကိုသော်လည်း မျှော်လင့်မိပြန်သည်။

"ချည်ခင်စွပ်ကယ်ဝံဘို … ဆွေသောင်ခရီးမှာ … ရေဖောင်စီးလို့ နို့"

mgyoe.com